# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၅၂)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်အားပေး

## ယခုပြပွဲတွင် နိုင်ငံတော်သို့ ပေးသွင်းရမည့်အခွန်အခများအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများနှင့်အညီ ကောက်ခံသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြသရောင်းချပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးချီးမြှင့်သည်။

ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ အောင်သူ၊ ဒေါက်တာသန်းမြင့်နှင့် ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၊ ပြည်တွင်းပြည်ပရတနာကုန်သည်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများအား ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသထားမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို Video Clip ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြသရောင်းချပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈

## ဒစ်ဂျစ်တယ်မြန်မာစာနှင့် ယူနီကုဒ်စံကူးပြောင်းရေး

**ယူနီကုဒ်စံစနစ်ကို အသုံးပြုနိုင်မှသာ မြန်မာစာနှင့် တိုင်းရင်းသားစာများ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်လာမည်**

စာမျက်နှာ » ၁၀




မြန်မာ့အလင်း

# ကျောင်းသားလူငယ်နှင့် ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေး

လွတ်လပ်ရေးစိတ်ဓာတ်ကို အရှိန်အဟုန်ဖြင့် တိုးမြင့်လာအောင် လှုံ့ဆော်လိုက်သည့် ပထမကျောင်းသားသပိတ်၊ မြန်မာ့သမိုင်းတွင် ပထမဦးဆုံး နိုင်ငံရေးအဖွဲ့အစည်းဟုတွင်သည့် ဂျီစီဘီအေ အသင်းချုပ်ကြီး၊ မြန်မာ့ပညာရေး အစဉ်အလာကို ထိပ်ဆုံးတန်းရောက်အောင် မြှင့်တင်နိုင်ခဲ့သည့် ရန်ကုန်တက္ကသိုလ် အစရှိသည်တို့ ပေါ်ထွန်းခဲ့သည်မှာ လာမည့် ၂၀၂၀ ပြည့်ဆိုလျှင် နှစ်တစ်ရာရှိပြီ။

မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထားရသော နှစ်တစ်ရာပြည့် အထိမ်းအမှတ်တို့၏ တန်ဖိုးကား ကြီးမားလှပါသည်။ ၁၉၂၀ တက္ကသိုလ်ပညာရေးစနစ်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည့် ပထမ ကျောင်းသားသပိတ်သည် မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲကို အောင်ပွဲရသည်အထိ ခေါ်ဆောင်သွားခဲ့သော အဖြစ်အပျက် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နယ်ချဲ့ဆန့်ကျင်ရေး နိုင်ငံရေးအရှိန်အဟုန် ကြီးမားပျံ့နှံ့လာခြင်းက ကျောင်းသားလှုပ်ရှားမှုများနှင့် ဆက်စပ်၍ပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကို ကျောင်းသား လှုပ်ရှားမှုများက အစပြု ဖောက်ခွဲလိုက်ခြင်းဟုပင် ဆိုရမည်ထင်ပါသည်။ ပထမ ကျောင်းသားသပိတ်၏ တပ်လှန့်သံက ဗြိတိသျှအစိုးရ ထိတ်ထိတ်ပျာပျာဖြင့် တုန်လှုပ်သွားခဲ့ရသည်အထိ ဖြစ်ခဲ့သည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ သိသိသာသာ အရှိန်မြင့်တက်သွားခဲ့၏။ မြန်မာပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုကလည်း တစ်ဟုန်ထိုးဖြစ်ခဲ့လေသည်။ ထိုသို့သော ပြည်သူလူထု၏ နိုင်ငံရေးစိတ်ဓာတ်များ ရှင်သန်တက်ကြွလာမှုကပင် မြန်မာ့လွတ်လပ်ရေး ပန်းတိုင်ရောက်သည်အထိ မောင်းနှင်သွားခဲ့ခြင်းဖြစ်သည်။

ယင်းလှုပ်ရှားမှု၏ နောက်တစ်ဆင့်ဖြစ်ခဲ့သည့် ၁၉၃၆ ဒုတိယ ကျောင်းသားသပိတ်က ကျောင်းသားလှုပ်ရှားမှုမှသည် နိုင်ငံရေးလှုပ်ရှားမှု၊ ထိုမှတစ်ဆင့် လက်နက်ကိုင်တော်လှန်ရေးအထိ ပေါက်ရောက်ခဲ့လေသည်။

ကျောင်းသားနှင့် ကျောင်းသားသမဂ္ဂဟူသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတွင် အရေးပါဆုံးသော အခန်းကဏ္ဍမှာ ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂက မွေးထုတ်လိုက်သည့် ကိုနု၊ ကိုအောင်ဆန်း၊ ကိုလှဖေ၊ ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း၊ ကိုဗဆွေ၊ ကိုအောင်ကျော်တို့သည် မြန်မာ့လွတ်လပ်ရေး၏ အရေးအပါဆုံးသော ခေါင်းဆောင်များဖြစ်ခဲ့သည်။

ထို တကသ၊ ဗကသ အစရှိသည့် ကျောင်းသားသမဂ္ဂများကပင် ဗမာ့တပ်မတော်ခေါင်းဆောင်များကို မွေးထုတ်ခဲ့၏။ ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင် စသည်။

သည့်ထက် ပိုဆိုရလျှင် ၁၉၆၂ အာဏာသိမ်းပွဲမတိုင်မီ မြန်မာနိုင်ငံ၏ ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်တို့မှာ ကျောင်းသားသမဂ္ဂများက မွေးထုတ်လိုက်သူများပင် ဖြစ်ပါသည်။

ထိုထိုသော သမိုင်းအစဉ်အလာအတိုင်းပင် ဒီမိုကရေစီအရေးတော်ပုံကာလအထိ ကျောင်းသားလူငယ်များစွာ အနစ်နာခံခဲ့ကြသည်ပဲ ဖြစ်ပါသည်။

ယနေ့ထိလည်း ကျောင်းသားလူငယ်တို့၏ အင်အားကို ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အားထားကြရဦးမည်သာ။ ကျောင်းသားလူငယ်တို့ဆိုသည်မှာ နိုင်ငံအတွက် အားကိုးအားထားပြုရမည့် မျိုးဆက်သစ်များအဖြစ် သတ်မှတ်ယုံကြည်ကာ စနစ်တကျ လမ်းဖွင့်ပေးရမည့်၊ အားပေးရမည့်သူများ ဖြစ်သည်မဟုတ်ပါလား။ ။

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

## ရာဇဝတ်အထွေထွေလျှောက်ထားမှု(စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) (၄)မှုကို စီရင်ချက်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးမျိုးဝင်းတို့ပါဝင်သည့် အပြီးသတ်ကြားနာ ဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်)(၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဒသမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ (JCT) အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

## ဒသမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

**ဒသမအကြိမ် မြန်မာ-ဗီယက်နမ် ကုန်သွယ်ရေးပူးတွဲကော်မတီ (JCT) အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Official Meeting-SOM)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။**

အစည်းအဝေးတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ အကောက်ခွန်၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ ဘဏ်လုပ်ငန်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ နှစ်ဖက်တာဝန်ရှိ ကိုယ်စားလှယ်များက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဗီယက်နမ်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန အာရှနှင့် အာဖရိကဈေးကွက်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nguyen Phuc Nam နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒသမအကြိမ် မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေးပူးတွဲကော်မတီ(JCT)အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကောလင်းမြို့၌ ကျင်းပ


**ကောလင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဇာတိမာန်ခန်းမတွင် စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက ကလေးသူငယ်များ၏ အခွင့်အရေးများ အပြည့်အဝရရှိရေးနှင့် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သဲအိဖြူက ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီး ကောလင်းမြို့နယ်၌ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခဲ့သော မိသားစုဝင်များကို နှစ်သိမ့်ဆွေးနွေးပြီး မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၁၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၉၇ လက်မ၊ အမ်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၂ ဒသမ ၁၃ လက်မစီ၊ ခန္တီးမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရမ်ကလောင်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ တောင်ငူမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် မင်းကင်းမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

ကျောက်စိမ်းကျောက်မျက်အတွဲများ၊ ကျောက်မျက်ရတနာပြခန်းများနှင့် ခန်းမအပြင်ဘက်ရှိ ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုအားပေးသည်။

**ပြည်ပရတနာကုန်သည်များဖိတ်ကြားထား**

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ၉၅ ပွဲ မြောက်ဖြစ်ကာ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များအပြင် ပြည်ပနိုင်ငံ ၂၆ နိုင်ငံမှ ရတနာကုန်သည် ၆၈၆၅ ဦးကို ဖိတ်ကြားထားကြောင်း သိရသည်။

**အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချ**

ပြပွဲတွင် ကျောက်စိမ်းအရိုင်းများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အချောထည်များ၊ ကျောက်စိမ်းနှင့်ဆင်တူသည့်ကျောက်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများနှင့် ကျောက်ကပ်ပန်းချီကားများကိုလည်း ပြသရောင်းချသွားမည်ဖြစ်သည်။

အာမခံစပေါ်ငွေများကို ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် ပေးသွင်းကြရမည်ဖြစ်ပြီး ပြည်ပရတနာကုန်သည်များအနေဖြင့် ယူရိုငွေဖြင့် ကြိုတင်ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ ကျောက်မျက်အတွဲများအတွက် ယူရိုငွေ ၂၀၀၀ နှင့် ကျောက်စိမ်းအတွဲများအတွက် ယူရိုငွေ ၂၀၀၀၀ ပေးသွင်းကြရမည်ဖြစ်ကြောင်း၊ ကျောက်စိမ်းအရိုင်းအတွဲများအတွက် သတ်မှတ်ထားသည့် အခြေခံဈေးနှုန်းမှာ ယူရိုငွေ ၅၀၀၀ နှင့် အထက်ဖြစ်ပြီး ကျောက်စိမ်းအချောထည်များအတွက် အခြေခံဈေးနှုန်းမှာ ယူရိုငွေ ၁၀၀၀ နှင့် အထက်ဖြစ်ကြောင်း၊ အာမခံစပေါ် ငွေပမာဏ၏ ၁၀ ဆနှင့် ညီမျှသည့် ကျောက်မျက်ရတနာအတွဲများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျောက်စိမ်းအတွဲများရောင်းချမည်**

ပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်တွင် ကျောက်မျက်အတွဲ ၄၈၁ တွဲကိုလည်း ကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ ၁၃၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၃၁၂ မှ ၂၆၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၂၆၁၂ မှ ၃၉၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၉၁၂ မှ ၅၂၁၁အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၂၁၂ မှ ၆၅၁၁ အထိကိုလည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၅၁၂ မှ ၇၈၁၁ အထိကိုလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥပဒေများနှင့်အညီကောက်ခံမည်**

ယခုပြပွဲတွင် နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများနှင့်အညီ ကောက်ခံသွားမည်ဖြစ်ပြီး ဝန်ဆောင်ခအနေဖြင့် ကျောက်မျက်ရတနာအရိုင်းများအတွက် ၃ ရာခိုင်နှုန်းနှင့် အချောထည်များအတွက် ၁ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဇူလိုင်လမှ စက်တင်ဘာလအထိ တတိယသုံးလပတ် လုပ်ငန်းဆောင်ရွက်နိုင်မှုများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာဦးပွား၊ ဦးစောဗယ်လင်တိုင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မိုးမိုး(အင်းလျား)၏ လုံးချင်းဝတ္ထုစာအုပ်သုံးသပ်ချက်စာတမ်း ပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မိုးမိုး(အင်းလျား)(၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဆုချီးမြှင့်နိုင်ရန် **မိုးမိုး (အင်းလျား)၏ လုံးချင်းဝတ္ထု စာအုပ် သုံးသပ်ချက်စာတမ်း** ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းနှင့် စည်းကမ်းချက်မှာ မိုးမိုး (အင်းလျား)၏ ဝတ္ထုစာအုပ်များထဲမှ မိမိအနှစ်သက်ဆုံးလုံးချင်းတစ်အုပ်ကိုသာ သုံးသပ်ရမည် ဖြစ်ပါသည်။ သုံးသပ်ချက်မှာ ကွန်ပျူတာစာစီပြီး A4 လေးမျက်နှာ (သို့မဟုတ်) ငါးမျက်နှာရှိရပါမည်။ ပြိုင်ပွဲပိတ်ရက်မှာ ၅-၁၀-၂၀၁၉ ရက် နောက်ဆုံးထားပေးပို့ရပါမည်။

စာမူများကို မိုးမိုး(အင်းလျား)(၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာနှင့် အနုပညာပွဲတော်ကျင်းပရေးကော်မတီ **အမှတ် ၁၇၃၊ ၃၃ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၉- ၄၂၈၃၄၄၅၆၆** သို့ ပေးပို့နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကို သံအမတ်ကြီးအဖြစ် မစ္စတာ အောဂု စတင် ဂါစီရာ လောပက်(ဇ်) လွိုင်ရယ်ဇာအား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် စက်တင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော မက္ကဆီကိုပြည်ထောင်စုနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ အောဂု စတင် ဂါစီရာ လောပက်(ဇ်) လွိုင်ရယ်ဇာအား ခန့်အပ်ရန် မက္ကဆီကိုအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ အောဂု စတင် ဂါစီရာ လောပက်(ဇ်) လွိုင်ရယ်ဇာကို ၁၉၆၂ ခုနှစ် တွင် မွေးဖွားခဲ့ပါသည်။ စီးပွားရေးဘာသာရပ်ဆိုင်ရာ အထူးပြုဒီဗွာဘွဲ့နှင့် မဟာဘွဲ့တို့ကို ရရှိထားသူဖြစ်ပါသည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာအကြံပေးအဖြစ် လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဗြိတိန်နိုင်ငံအခြေစိုက် မက္ကဆီကိုသံရုံးတွင် နိုင်ငံခြားရေးရာနှင့် စီးပွားရေးရာမူဝါဒဌာနတွင် တာဝန်ရှိသူတစ်ဦးအဖြစ် လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘဏ္ဍာရေးနှင့် ပြည်သူ့ချေးငွေစာရင်းဝန်ကြီးဌာနတွင် မြောက်အမေရိက၊ ကာရစ်ဘီယန်ကျွန်းစုနှင့် ပစိဖိတ်ဆိုင်ရာ ဘဏ္ဍာရေးဌာန၊ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ Mexican Institute of International Cooperation (IMEXCI) တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ဘဏ္ဍာရေးနှင့် ပြည်သူ့ချေးငွေစာရင်းဝန်ကြီးဌာနတွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ Inter-American Bank နှင့် Inter-American Investment Corporation တို့တွင် မက္ကဆီကိုနိုင်ငံနှင့် ဒိုမီနီကန်နိုင်ငံကိုယ်စားပြုအလုပ်အမှုဆောင်ဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ Organization for Economic Cooperation and Development (OECD) တွင် မက္ကဆီကိုနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပြင်သစ်နိုင်ငံဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကနေဒါနိုင်ငံဆိုင်ရာ မက္ကဆီကိုသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ Mexican Agency for International Development Cooperation (AMEXCID) တွင် အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စတာ အောဂု စတင် ဂါစီရာ လောပက်(ဇ်) လွိုင်ရယ်ဇာသည် အင်္ဂလိပ်ဘာသာစကား၊ ပြင်သစ်ဘာသာစကားနှင့် ဂျာမန်ဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စတာ အောဂု စတင် ဂါစီရာ လောပက်(ဇ်) လွိုင်ရယ်ဇာသည် စင်ကာပူနိုင်ငံအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကို သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၉-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးပါ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ် အခမ်းအနားသတင်း၏ ကော်လံ ၃ တွင် ATPA အစည်းအဝေးတက်ရောက်မှုများ **(အစား)** AIPA အစည်းအဝေးတက်ရောက်မှုများဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၃၆/၂၀၁၉) ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၃၆/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီ တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၃၆/၂၀၁၉) ကျင်းပစဉ်။** သတင်းစဉ်

## မင်းလှမြို့နယ် ကျေးရွာ ၂၁ ရွာ၌ တစ်အိမ်သုံး နေစွမ်းအင်ဖြင့် မီးရရှိရေး ဆောင်ရွက်သွားမည်

**မင်းလှ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ကွာဝေးသောကျေးရွာ ၂၁ ရွာ၌ တစ်အိမ်သုံး နေစွမ်းအင်ဖြင့် မီးရရှိရေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၃၅၀ ကို အသုံးပြု၍ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ ၂၁ ရွာရှိ အိမ်ခြေပေါင်း ၁၁၈၀ မီးရရှိရေးအတွက် နေစွမ်းအင်ဖြင့် သီးသန့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆိုလာများမှာ ဝပ် ၆၀ နှင့် ဝပ် ၁၀၀ ဟု နှစ်မျိုးရှိပြီး ဝပ် ၆၀ ဆိုလာတစ်ချပ်နှင့် ဆက်စပ်ပစ္စည်း တစ်စုံလျှင် ကျပ် ၅၀၀၀၀ နှင့် ဝပ် ၁၀၀ အတွက် ကျပ် ၁၅၀၀၀၀ ကို ပြည်သူထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ ကျေးရွာများမှ အိမ်ခြေ၏ ၃၀ ရာခိုင်နှုန်းအထက် နေစွမ်းအင်ကို တပ်ဆင်အသုံးပြုပါက အများပြည်သူပိုင်နေရာများ ဖြစ်သည့် လမ်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် ဘာသာရေး အဆောက်အအုံများတွင်ပါ အခမဲ့တပ်ဆင်ပေးကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။

နေစွမ်းအင်ဖြင့် မီးရရှိရေးဆောင်ရွက်ပေးမည့် ကျေးရွာများမှာ ခါးဇက်၊ တဲကြီးကုန်း၊ ညောင်ပင်တဲ၊ ရေတွင်းမြောင်(တ)၊ မကျီးကုန်း၊ ကျစ်ဖျား၊ မလွန်စမ်း၊ ရွာသာယာ၊ ချင်းကုန်း၊ ကျောက်ထပ်၊ ကိုင်းငယ်ကြီး၊ ကိုင်းငယ်လေး၊ ရေတွင်းကြီး၊ သဖန်းကိုင်း၊ ပင်္ဂ၊ လဲဝါ၊ စီး၊ ကွန်းသွန်း၊ ကြက်အုပ်တောင်၊ ဇိုင်ဖျားတဲစု၊ ကတဲကျေးရွာများဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

**ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူ ဆောင်ရွက်လျက်ရှိကြသည့် လုပ်ငန်းဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအပေါ် ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိလိုက်နာရန် လိုအပ်ပြီး အဂတိတရား ကင်းရှင်းစွာ ရပ်တည်ဆောင်ရွက်ကြရန်နှင့် ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကို ဝေဖန်ပိုင်းခြားပြီး ရာထူးအဆင့်ဆင့်အလိုက် ဟန်ချက်ညီသည့် အထောက်အပံ့ကောင်းများအဖြစ် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ရည်မှန်းချက်အတိုင်း ပြီးမြောက်အောင်မြင်ရေး ကြိုးပမ်းကြစေလိုကြောင်း။

ရာသီဥတုကို တည်မှီဆောင်ရွက်ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍများတွင် ပြောင်းလဲလာသည့်ရာသီဥတုနှင့်အညီ လိုက်လျောညီထွေမှုရှိစေရေးအတွက် မိမိတို့ကျွမ်းကျင်ရာနယ်ပယ်အလိုက် လိုအပ်သလို တီထွင်ကြံဆ ဆောင်ရွက်ခြင်းနှင့် စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကောင်းမွန်သော ကြိုတင်ပြင်ဆင်မှုနှင့် ဒေသတွင်းမှ တစ်ဆင့် အဆင့်ဆင့်ကြီးကြပ်သည့် စနစ်ကောင်းဖြင့် ဆောင်ရွက်မှသာ သက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် မမျှော်မှန်းနိုင်သော သဘာဝဘေး အန္တရာယ်များကို ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ကြမည်ဖြစ်ကြောင်း၊ ဆည်ရေ သိုလှောင်မှုအလိုက် စိုက်ပျိုးရေပေးနိုင်မည့်ပမာဏကို နှစ်အလိုက် သတ်မှတ်ထုတ်ပြန်ပေးမည်ဖြစ်သဖြင့် ဒေသအလိုက်၊ ရာသီအလိုက် စိုက်ပျိုးသီးနှံများ မျိုးရွေးချယ် စိုက်ပျိုးနိုင်ရေး၊ သီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရေး အပါအဝင် နည်းပညာကဏ္ဍ၊ မျိုးစေ့ကဏ္ဍ၊ သွင်းအားစုကဏ္ဍဆိုင်ရာ လိုအပ်ချက်များ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**သတ်မှတ်စည်းကမ်းနှင့်အညီ**

လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဖော်ထုတ်အသုံးပြုလျက်ရှိသည့် စိုက်ပျိုးမြေများ အကျိုးရှိထိရောက်စွာ ရေရှည်တည်တံ့အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဖြေရှင်းကြရန် လိုအပ်ကြောင်း၊ တင်ဒါခေါ်ယူ ဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲမှုများတွင် သတ်မှတ်စည်းမျဉ်း စည်းကမ်းနှင့်အညီ တိကျစွာ လိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းရှိ ရေချိုငါးမွေးမြူရေးသုတေသနနှင့် တိုးချဲ့ပညာပေးရေးဇဟိုဌာနသို့ ရောက်ရှိကြပြီး ငါးသုတေသနလုပ်ငန်း ဆောင်ရွက်ချက်များအား ကြည့်ရှုစစ်ဆေးရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် သုတေသနပညာရှင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန် ငါးသားဖောက်စခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ငါးသားဖောက်လုပ်ငန်းနှင့် မျိုးငါးဖြန့်ဖြူးပေးနေမှု၊ တောင်သူပညာပေးသင်တန်းများနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့် ToT သင်တန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဆွစ်ဇာလန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတို့ကို သီးခြားစီတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin နှင့် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa နှင့် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP)တွင် နိုင်ငံအတွက်ထားရှိသည့် ဖွံ့ဖြိုးရေးမျှော်မှန်းချက်များ၊ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းများကို MSDP ၏ လွှမ်းခြုံမှုအောက်တွင် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (Project Bank)အဖြစ် တစ်စုတစ်ဝေးတည်း ထားရှိအကောင်အထည်ဖော်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူရန် မြေနှင့် အဆောက်အအုံ သတင်းအချက်အလက်ဘဏ် ( Land and Property Bank )နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

# တိုင်းရင်းမီဒီယာညီလာခံ မြစ်ကြီးနားမြို့တွင် ကျင်းပ

# သတင်းမှန်များကို မီဒီယာကျင့်ဝတ်နှင့်အညီ ဖြန့်ချိပေးနိုင်ရန်လိုအပ်



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**မြစ်ကြီးနား စက်တင်ဘာ ၁၆**

သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို ယနေ့နံနက်ပိုင်းမှ စတင်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းရှိ မဂ္ဂယ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းမီဒီယာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ နန်းဖော့ဂေကညီလာခံကျင်းပသည့် ရည်ရွယ်ချက်နှင့် ယခင်ကျင်းပခဲ့သည့် ညီလာခံ(၆)ကြိမ်ကို မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ မြို့တော်များတွင် လှည့်လည်ပြီး ညီလာခံများအလိုက် ဆောင်ပုဒ်အသီးသီးသတ်မှတ်ကာ ကျင်းပခဲ့မှု၊ ယခုသတ္တမအကြိမ်တွင် "တရားမျှတမှုအတွက် တိုင်းရင်းမီဒီယာ"(Ethnic Media For Justice) ဆောင်ပုဒ်ဖြင့် ကျင်းပမည့်အခြေအနေကို ရှင်းလင်းပြောကြားသည်။

**ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေး**

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးတွင် သတင်းမီဒီယာကဏ္ဍသည် အဓိကအရေးကြီးပါကြောင်း၊ သတင်းမှန်များကို မီဒီယာကျင့်ဝတ်နှင့်အညီ ဖြန့်ချိပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ကချင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်ကောင်းများလည်း ပေးကြစေလိုပါကြောင်း၊ စတုတ္ထမဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်သည့် သတင်းမီဒီယာအနေဖြင့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ပြည်သူနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**အမုန်းတရားနှင့် ပဋိပက္ခများကို ဂရုပြုရှောင်ရှား**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကိုယ်စားတက်ရောက်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တိုင်းရင်းမီဒီယာညီလာခံများကို သတ္တမအကြိမ်ထိ နှစ်စဉ်ဆက်တိုက်ကျင်းပနိုင်ခဲ့ပြီး ရလဒ်ကောင်းများ ဖော်ထုတ်နိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဆဋ္ဌမအကြိမ်တွင် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်များကို တိုင်းရင်းမီဒီယာများအနေဖြင့် တိကျမှန်ကန်သည့်သတင်းများ ထုတ်ပြန်ပေးခြင်းများဖြင့် ပါဝင်တိုးမြှင့်ဆောင်ရွက်ရန်အချက် အပါအဝင် ရလဒ်ကောင်းများ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတွင်းမှ အဖြစ်အပျက်များ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများမှ သတင်းအချက်အလက်များကို ပြည်တွင်းသာမက နိုင်ငံတကာမှ ပိုမိုသိရှိနားလည်အောင် အရည်အသွေးပြည့်မီစွာဖြင့် သတင်းမီဒီယာလုပ်ငန်းများကို ဦးတည်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ (Media and Information Literacy-MIL) ဗဟုသုတရရှိပြီး သတင်းတု၊ သတင်းယောင်၊ သတင်းမှားများ၊ အမုန်းတရားနှင့် ပဋိပက္ခများကို ဂရုပြုရှောင်ရှားနိုင်ရန် လိုအပ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

**ဒေသခံအဖွဲ့အစည်းများ၊ မီဒီယာများ ပူးပေါင်းကူညီ**

ဆက်လက်၍ ကချင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးထုန်ဖူးတဂုံက ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် တိုင်းရင်းမီဒီယာညီလာခံ လက်ခံကျင်းပနိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဒေသခံအဖွဲ့အစည်းများ၊ မီဒီယာများအနေဖြင့် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံသို့ တက်ရောက်လာကြသူများအားလုံး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ ညီလာခံသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ တိုင်းရင်းသားဒေသအသီးသီးမှ သတင်းမီဒီယာပညာရှင်များ၊ မီဒီယာကွန်ရက်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းများမှ တာန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းရင်းမီဒီယာညီလာခံကို အဖွဲ့လိုက်ဆွေးနွေးခြင်းများ ပြုလုပ်ကြမည်ဖြစ်ရာ အဖွဲ့(၁)တွင် သတင်းထောက်များ၏ လုံခြုံရေးနှင့် မီဒီယာရေရှည်တည်တံ့ခိုင်မြဲရေး (Journalists Safety and Media Sustainability)၊ အဖွဲ့(၂) တွင် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူအပေါ် ဆိုးကျိုးသက်ရောက်မှု (Mega Development Project and Its Environmental Effects/Public Safety)၊ အဖွဲ့(၃)တွင် မီဒီယာလွတ်လပ်မှုနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအလားအလာ (Media Freedom Vs Prospects of Democratic Transition)၊ အဖွဲ့(၄)တွင် ပစ်ခတ်တိုက်ခိုက်မှုများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းမီဒီယာများ၏ လားရာများ (Crashes, Peace Process, Reform & The Trends of Ethnic Media in Myanmar)၊ အဖွဲ့(၅) တွင် တိုင်းရင်းမီဒီယာနှင့် တရားမျှတရေးဆိုင်ရာ ချိတ်ဆက်မှု (Ethnic Media Engagement with Justice) ခေါင်းစဉ်များ သတ်မှတ်ဆွေးနွေးကြမည်ဖြစ်ပြီး အုပ်စုဖွဲ့ ဆွေးနွေးခြင်း၊ အကြံပြုချက်များနှင့် ထုတ်ပြန်ကြေညာခြင်းတို့ကို ညီလာခံအစီအစဉ်အတိုင်း စက်တင်ဘာ ၁၈ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




သတ္တမအကြိမ် တိုင်းရင်းမီဒီယာညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်ကုန်များ ပြည်ပဈေးကွက်တိုးချဲ့ရာတွင် တရားဝင်ဖြစ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **သံတွဲမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအပေါ် မည်ကဲ့သို့ အထူးကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အဦ၊ လမ်း၊ တံတား လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ဒီဇိုင်းများနှင့်အညီ စံချိန်စံညွှန်းများ ပြည့်မီစေရေးအတွက် အသုံးပြုမည့် လုပ်ငန်းခွင့်သုံးပစ္စည်းများကို သတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ သုတေသနဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးခြင်း၊ တည်ဆောက်ပုံ နည်းစနစ်များ မှန်ကန်မှုရှိစေရန်နှင့် အတိုင်းအတာများ မှန်ကန်မှုရှိစေရန်၊ သက်ဆိုင်ရာ ကွင်းအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ခွင့်ပြုရန်ပုံငွေများဖြင့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်စွမ်းအင်ရရှိရေးလုပ်ငန်းများ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် လုပ်ငန်းစိစစ်ရေးကော်မတီများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစိစစ်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိပါက ပြင်ဆင်ဆောင်ရွက်စေခြင်း၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားရှိကြောင်း ထောက်ခံချက်များပါရှိမှသာ ရန်ပုံငွေထုတ်ပေးခြင်းများပြုလုပ်၍ တင်ဒါအောင်မြင်သောကုမ္ပဏီများကို အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။


ဒုတိယဝန်ကြီး
ဦးလှကျော်


ပျော်ဘွယ်မဲဆန္ဒနယ်မှ
ဦးသောင်းအေး

## အထပ်မြင့်စာသင်ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံကဲ့သို့သော အဆောက်အဦများအတွက် လုပ်ငန်းခွင်တွင် Third Party များက အချိန်ပြည့်ရုံးထိုင်၍ နေ့စဉ်စစ်ဆေး ဆောင်ရွက်လျက်ရှိ

အရည်အသွေးစစ်ဆေးရေးအဖွဲ့ Third Party များ၏ အဓိကတာဝန်မှာ ခန့်မှန်းခြေစာရင်းပါ လုပ်ငန်းနှင့် အတိုင်းအတာ၊ အရေအတွက် မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးနည်းပညာ အဆင့်မီမှု ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးမှု ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး အထပ်မြင့်စာသင်ကျောင်း၊ တက္ကသိုလ်၊ ဆေးရုံကဲ့သို့သော အဆောက်အဦများအတွက် လုပ်ငန်းခွင်တွင် Third Party များက အချိန်ပြည့် ရုံးထိုင်၍ နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအနေဖြင့်လည်း ခရိုင်၊ မြို့နယ်များသို့ ကွင်းဆင်းစစ်ဆေး၍ တည်ဆောက်ရေးကုမ္ပဏီများကို အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအရည်အသွေးပြည့်မီရန်နှင့် အချိန်မီပြီးစီးစေရန် ကုမ္ပဏီတစ်ခုခြင်းအလိုက် ညွှန်ကြားခြင်း၊ သတိပေးခြင်း၊ ကတိကဝတ်ရယူခြင်းတို့ဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့နယ်တွင် ဖျက်ပုံထားသော တံတားဟောင်းမှ ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် မင်းဘူး(စကု)မြို့နယ်အတွင်း အမှန်တကယ်လိုအပ်နေသော နေရာများတွင် တံတားငယ်များ တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မင်းဘူး(စကု)မြို့နယ်တွင် တံတားဟောင်းမှ ဖျက်ပုံထားသည့် ပစ္စည်းများဆိုသည်မှာ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းချောင်းဘေလီတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် တံတားဟောင်းမှ ဖြုတ်သိမ်းထားသော တံတားပစ္စည်းများဖြစ်ပြီး လမ်းဦးစီးဌာန မင်းကူး(စကု)ရုံးတွင် သိမ်းဆည်းထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ဘေလီတံတားပစ္စည်းများအနက်မှ ဘေလီသံပေါင်များကို သံလွင်မြစ်ကူး ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) တည်ဆောက်ရာတွင် အသုံးပြုခဲ့ပါကြောင်း၊ ကျန်ရှိနေသည့်အစိတ်အပိုင်းများကို မကွေးတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော တံတားများနေရာ၌ ယာယီဘေလီတံတား တည်ဆောက်ရာတွင် အသုံးပြုရန်အတွက် ထိန်းသိမ်းထားခြင်းဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် ဘေလီတံတားဆက်စပ်ပစ္စည်းများမှာ တံတားတည်ဆောက်ရန် ပြည့်စုံမှုမရှိတော့ပါသဖြင့် အခြားလိုအပ်သည့်နေရာများတွင် လွှဲပြောင်းအသုံးပြုသွားမည်ဖြစ်ပြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ တံတားများအတွက် လိုအပ်ပါက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ၂၂-၅-၂၀၁၇ ရက်နေ့တွင် မေးမြန်းခဲ့သည့် မေးခွန်း၏ ဆက်စပ်**


ဒုတိယဝန်ကြီး
ဦးကျော်လင်း


သံတွဲမဲဆန္ဒနယ်မှ
ဦးမင်းကြည်

**မေးမြန်းချက်ကို ပြန်လည်စိစစ်ပေးပါမည်ဟု ကတိပေးခဲ့သော်လည်း ယနေ့အထိ တိုးတက်မှုမရှိ၍ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနမှ ဘဏ္ဍာရေးနှစ်အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ငွေကျပ် ၃၈ ဒသမ ၉၆၄ သန်းဖြင့် ကတ္တရာလမ်း အရှည် ၂ ဒသမ ၆၁၄ ကီလိုမီတာ၊ ငွေကျပ် ၉၁ ဒသမ ၃၈ သန်းဖြင့် ဂျင်းလမ်းအရှည် ၂ ဒသမ ၂၁၂ ကီလိုမီတာနှင့် ရန်ပုံငွေကျပ် ၅၀ ဒသမ ၀၇ သန်းဖြင့် Box Culvert (၇)စင်းနှင့် ကွန်ကရစ်တံတားတစ်စင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငွေကျပ် ၂၀၅ ဒသမ ၈၈ သန်းဖြင့် ဂျင်းလမ်းအရှည် ၉ ဒသမ ၇ ကီလိုမီတာကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်မြေသားလမ်းအရှည် ၂၂ ကီလိုမီတာ ဖောက်လုပ်ခြင်းလုပ်ငန်းကို ငွေကျပ် ၃၀ ဒသမ ၆၃ သန်းဖြင့် စက်သုံးဆီ၊ ယန္တရားနှင့် နည်းပညာအကူအညီများပေး၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ဂျင်းလမ်း (၄) လမ်းအရှည် ၁၉ ဒသမ ၃၀၇ ကီလိုမီတာနှင့် Box Culvert နှစ်စင်း ထည့်သွင်း လျာထားပြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ကတ္တရာလမ်း အရှည် ၃ ဒသမ ၆၂ ကီလိုမီတာနှင့် ကျောက်ချောလမ်း ၈ ဒသမ ၈၄၉ ကီလိုမီတာတို့ကို ထည့်သွင်းလျာထား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ပြည်ထောင်စု၏ ငွေလုံးငွေရင်းခွင့်ပြုငွေ ခွဲဝေရာတွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အဘယ်ကြောင့် နည်းနေရသနည်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစ၍ တိုးမြှင့်ပေးရန် ရှိ၊ မရှိသိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းကလည်းကောင်း၊ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ထံမှ (T&C Group Co;Ltd) လုပ်ပိုင်ခွင့်ရ မြေဧရိယာ၊ ခွင့်ပြုမိန့်၊ အမိန့်စာအမှတ်နှင့် ရက်စွဲ လွဲမှားဖြေကြားခြင်းအပေါ် မည်သို့ တာဝန်ယူဆောင်ရွက်မည်နှင့် လုပ်ပိုင်ခွင့်ချမှတ်ထားသော မြေပုံအချို့ကို မြေပြင်၌ မည်သည့်အချိန်တွင် ကွင်းဆင်းစစ်ဆေးမည်တို့ကို သိလိုခြင်း** မေးခွန်း၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၏ **သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လုံလောက်သောဝန်ထမ်းအင်အား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူမြို့နယ်၊ ပင်လယ်နားကျေးရွာရှိ ကွင်းအမှတ် (၆၆၀)ကြွင်းချိန် အနောက်၊ ဦးပိုင်အမှတ် (၂၇၃)ရှိ ၁ ဒသမ ၉၀ ဧက မြေပေါ်တွင် တိရစ္ဆာန်အစားအစာထုတ်လုပ်ရန် စက်ရုံတစ်ခု တည်ဆောက်နေသည်ကိုတွေ့ရှိရာ အဆိုပါစက်ရုံနှင့် စပ်လျဉ်း၍ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

## စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို ပြင်ဆင်ချက်ဖြင့်အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း အမျိုးသားလွှတ်တော်၏အတည်ပြုချက်ကို ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း တင်သွင်းသည့် **လယ်ယာသားငါး ထုတ်ကုန်များ သင့်တင့်သောဈေးနှုန်း၊ စဉ်ဆက်မပြတ် ဈေးကွက်များတည်ရှိစေရန် မြို့နယ်အလိုက် "တောင်သူလယ်သမားဈေးကွက်စနစ်" (Farmer Market System) ထူထောင်၍ ပိုမိုဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**ကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းအောင်၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်နှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ **ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး** က ဆွေးနွေးရာတွင် အဆိုရှင်အနေဖြင့် ကျေးလက်နေတောင် သူများအတွက် ရည်ရွယ်ချက်ကောင်းများဖြင့် တင်သွင်းထားသည့် အဆိုဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍသင့်တင့်ရန်အတွက်၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ ဘဝမြင့်မားရန်အတွက် မြို့နယ်အလိုက် တောင်သူလယ်သမားဈေးကွက်များ ထူထောင်ရုံဖြင့် အဆင်ပြေမည်မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ဘက်စုံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်နိုင်ရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို သုတေသနပြုလုပ်နိုင်ရန်၊ ကျေးလက်နေတောင်သူများကို စိုက်ပျိုးရေးနည်းပညာများ ဖန်တီးပေးနိုင်ရန်၊ ဈေးကွက်ဝင်မျိုးကောင်းမျိုးသန့်များ ရရှိရန်အတွက် အထောက်အကူပြုသွင်းအားစုများကို ထောက်ပံ့ပေးနိုင်ရန်တို့သည် အဓိကလိုအပ်ပါကြောင်း၊ တောင်သူများအနေဖြင့် အောင်မြင်နေသည့်လုပ်ငန်းများကို အတုယူပြီး မိမိတို့လူမှုဘဝများ တိုးတက်ရန်အတွက် လယ်ယာလုပ်ငန်း ပြုပြင်ပြောင်းလဲရေးကို ရဲရဲဝံ့ဝံ့ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် တိုးတက်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က** လယ်ယာနှင့် သားငါးလုပ်ငန်း ဆောင်ရွက်သူများနှင့် စားသုံးသူများအကြား နှစ်ဦးနှစ်ဖက် မနစ်နာစေဘဲ သင့်တင့်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန်အတွက် အခြေခံဈေးနှုန်းများ သတ်မှတ်နိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ထုတ်ကုန်အရည်အသွေးမြင့်မားရေး၊ အစားအသောက် ဘေးကင်းလုံခြုံစိတ်ချနိုင်စေရေးနှင့် အာဟာရပြည့်စုံသည့် အစားအသောက်များ ထုတ်လုပ်နိုင်စေရေးအတွက် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အရည်အသွေးမြှင့်တင်နိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ထုတ်ကုန်များ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးမွေးမြူရေးနည်းပညာများ ရရှိစေရန်နှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ထုတ်ကုန်များ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ မျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးမွေးမြူရေးနည်းပညာများ


မအူပင်မဲဆန္ဒနယ်မှ
ဦးစိန်ဝင်း


ထီးလင်းမဲဆန္ဒနယ်မှ
ဦးမြတ်လေးဦး

ရရှိစေရန်နှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ပဈေးကွက်တိုးချဲ့ရာတွင် တရားဝင်ဖြစ်ရေးအတွက် အစိုးရအချင်းချင်း ဆွေးနွေးညှိနှိုင်းခြင်း၊ လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်ဈေးနှုန်းတိုးမြှင့်စေရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း (Farmer Market System) နှင့် အလားသဏ္ဍာန်တူသည့် ကုန်စည်ဒိုင်များကို ပြည်နယ်/တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်း၊ မွန်၊ ကချင်၊ ကယား၊ ရခိုင်ပြည်နယ်တို့တွင် (၆၅)ဒိုင် ဖွင့်လှစ်ထားပြီး လယ်ယာထွက်ကုန်များကို လက်လီလက်ကား ရောင်းဝယ်ခွင့်ပြုပေးလျက်ရှိရာ တောင်သူလယ်သမားများ သင့်တင့်သောဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး အထောက်အကူပြုနိုင်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း။

မြို့နယ်အလိုက် တောင်သူလယ်သမားဈေးကွက်စနစ်(Farmer Market System) ထူထောင်ဆောင်ရွက်ရန်အတွက် ခိုင်မာသောတောင်သူလယ်သမားအစုအဖွဲ့ ပေါ်ပေါက်လာရန် အဓိကကျသည့် အချက်တစ်ရပ်အဖြစ် လိုအပ်ပါကြောင်း၊ အဆိုပါ ခိုင်မာသောအဖွဲ့အစည်းများရှိမှသာ ဈေးကွက်ထိန်းကျောင်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် စုပေါင်းဆောင်ရွက်နိုင်စွမ်းရှိသော၊ စုပေါင်းရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသော အလေ့အကျင့်ကောင်းများ ဆောင်ရွက်နိုင်မည့် တောင်သူအစုအဖွဲ့များ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ကာလလည်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လက်ရှိကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်တွင် တောင်သူလယ်သမားဈေးကွက်စနစ် ဖော်ဆောင်ပေးရန် သိုလှောင်ထိန်းသိမ်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများသည် အရေးပါပြီး ယင်းအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသည့် သိုလှောင်ရုံကဲ့သို့သော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း၊ ဈေးနှုန်းနှင့် စဉ်ဆက်မပြတ် ဈေးကွက်ရရှိရေးအတွက် ရောင်းဝယ်သည့်စနစ်များ သတ်မှတ်ပြဋ္ဌာန်းကာ လေ့ကျင့်ပြုစုပေးရန်လည်း အချိန်ကာလတစ်ခု လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် အဆိုသည် အဆိုကောင်းတစ်ရပ်ဖြစ်သော်လည်း လက်ရှိအခြေအနေ အချိန်အခါနှင့် အခြေအနေပေးမှုအနေအထားအရ မြို့နယ်အလိုက် တောင်သူလယ်သမား ဈေးကွက်စနစ်( Farmer Market System) ထူထောင်နိုင်ရန်အတွက် မိမိတင်ပြခဲ့သည့်လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ရမည့်ကိစ္စရပ်ဖြစ်သည့်အတွက် အဆိုကို မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၈ တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်**

# မြန်မာ-တရုတ်-အိန္ဒိယ သုံးပွင့်ဆိုင် နယ်နိမိတ်နေရာတွင် မသတ်မှတ်နိုင်သေးသည့် မိုင် ၈၀ ခန့်မှအပ မြန်မာ-တရုတ် နယ်နိမိတ်အားလုံးကိုလည်း တိုင်းတာသတ်မှတ်ပြီးဖြစ်



ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘွဲ့ခိန်း



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးမြင့်နိုင်



အမျိုးသားလွှတ်တော် ဥပဒေကြမ်း
ကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်



အမျိုးသားလွှတ်တော် ပညာရေး
မြှင့်တင်မှုကော်မတီ အတွင်းရေးမှူး
ဦးကျော်တုတ်

**နေပြည်တော် စက်တင်ဘာ ၁၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကဘော်ချိုင့်ဝှမ်းဒေသကို မကြာမီ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိ

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **မြန်မာနိုင်ငံနှင့် ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများအကြားရှိ နယ်နိမိတ်မှတ်တိုင်များ တိတိကျကျ သတ်မှတ်တိုင်းတာပြီးစီးမှု ရှိ၊ မရှိကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ခြင်းကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တရုတ် - အိန္ဒိယ နယ်နိမိတ်ဆိုင်ရာ ပြဿနာကြောင့် မြန်မာ-တရုတ်-အိန္ဒိယ သုံးပွင့်ဆိုင် နယ်နိမိတ်နေရာတွင် မသတ်မှတ်နိုင်သေးသည့် မိုင် ၈၀ ခန့်မှအပ မြန်မာ - တရုတ် နယ်နိမိတ်အားလုံးကိုလည်း တိုင်းတာသတ်မှတ်ပြီး ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်မပြီးပြတ်သေးသည့် နေရာ (၂)နေရာရှိသည့်အတွက် ကဘော်ချိုင့်ဝှမ်းဒေသကို မကြာမီ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ကျန်ရှိနေသေးသည့် နယ်နိမိတ်ကို အင်္ဂလိပ်လက်ထက်က တိုင်းတာသတ်မှတ်ခဲ့သည့် နယ်နိမိတ်ကိုအခြေခံ၍ လက်ရှိတွင် စနစ်တကျပြန်လည်တိုင်းတာသတ်မှတ်ခြင်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## တတိယ(၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး လုပ်ငန်းဦးစားပေးအစီအစဉ်အဖြစ်သာ ဆောင်ရွက်ပေးသွားနိုင်မည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ်းမတော် - ခေါင်းတုတ် - တင်းမလမ်းမှ ရန်ကုန် - စစ်တွေ အဝေးပြေးလမ်းသို့ ဆက်သွယ်ထားသည့် တပ်ရှောင်ဖြတ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် ကျောက်တော်မြို့နယ်၊ ခေါင်းတုတ်ကျေးရွာမှ ရန်ကုန် - စစ်တွေ အဝေးပြေးကားလမ်းမကြီးကို ဆက်သွယ်သည့် လမ်း(၂/၄)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တင်ပြပေးလာမည်ဆိုပါက ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးနိုင်ရေး မှတ်တမ်းထားရှိမည် ဖြစ်ပါကြောင်း၊ နှစ်စဉ်ထည့်သွင်းလျာထားရသည့် လုပ်ငန်းများအနေဖြင့်လည်း ရန်ပုံငွေ ဝင်ဆံ့မှုအတိုင်းအတာအရသာ ဆောင်ရွက်နေရပါသဖြင့် ယခုမေးမြန်းသည့်လုပ်ငန်းကို တတိယ(၅)နှစ်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး လုပ်ငန်းဦးစားပေးအစီအစဉ်အဖြစ်သာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မတူပီ - မင်းတပ်ကားလမ်းဘေးရှိ လေရှိကျေးရွာမှ ကြုတ်ကျေးရွာသို့ လမ်းတာချဲ့ခြင်း (၁၂)မိုင်နှင့် မိုင်တိုင်(၆၈)မှ ဝေးလောင်းကျေးရွာသို့ (၁၃)မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းများအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် လမ်းနှင့်ပတ်သက်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဒေသန္တရစီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ဒေသ၏ အခြားလိုအပ်ချက်များအရ ဦးစားပေးထည့်သွင်းလျာထားခြင်းမရှိပါသဖြင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် အဆိုပါ လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်စီမံကိန်း အဆိုပြုလွှာပုံစံများဖြင့် စိစစ်ထောက်ခံတင်ပြလာပါက ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ တတိယ (၅)နှစ်စီမံကိန်း အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအစီအစဉ်ဖြင့် အပိုင်းလိုက် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် မြို့နယ်လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခု အမြန်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အနေဖြင့် UN Global Compact for safe, orderly and regular migration စာချုပ်အပေါ် လက်မှတ်ရေးထိုးရသည့် အကြောင်းအကျိုးကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်တွင် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတစ်ခု အမြန်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ပြင်ဆင်ချက် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိ

ဆက်လက်၍ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဝင် ဒေါ်မမလေးက ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်းရင်းသားများ၏ လူမှုဘဝမြင့်မားရေးအတွက် စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်းနှင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကိစ္စများကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ကော်မတီတစ်ရပ် ဖြစ်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်တုတ်က ကော်မတီ၏ **"မိမိတို့ လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော သင်ရိုးညွှန်းတမ်းများအား ပြုစုခြင်း၊ သင်ကြားလေ့ကျင့်အကဲဖြတ်ခြင်း" စုံစမ်းလေ့လာမှုအစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

## အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမဟာဗျူဟာစီမံချက်(မူကြမ်း)အပေါ် အပြီးသတ်သုံးသပ်အကြံပြုဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၆**

အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာစီမံချက် (မူကြမ်း)အပေါ် အပြီးသတ် သုံးသပ်အကြံပြုဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ UNODC နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲတွင် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ စီမံကိန်းဌာနခွဲမှူး ဒုတိယ ရဲမှူးကြီး ဝင်းမြင့်က အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာ စီမံချက်(မူကြမ်း) ပြုစုထားရှိမှုနှင့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ကိုယ်စားလှယ်များက အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မဟာဗျူဟာ စီမံချက်(မူကြမ်း)ပါ အခန်းကဏ္ဍများအလိုက် လိုအပ်သည်များ သုံးသပ်အကြံပြုခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အပြီးသတ်ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၅ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်**

**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာနေ အိုက်လိပ်နှင့် ကျော်သူတို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာနေ အိုက်လိပ် (ခ)မြင့်မောင်ကျော်(၃၃)နှစ်၊ (ဘ) ဦးစိန်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟုမ္မလင်း) မယ(ပ)၈၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ ကျော်သူ (၃၃) နှစ်၊ (ဘ) ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟုမ္မလင်း) မယ(ပ) ၈၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ တီလောင်ကျေးရွာနေ ဖေသန်းလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၉-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ တီလောင်ကျေးရွာနေ ဖေသန်းလေး (၃၈) နှစ်၊ (ဘ) ဦးဘအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဟုမ္မလင်း) မယ (ပ) ၉၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ခပေါင်းရုံကျေးရွာနေ ဦးပွသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၉ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ခပေါင်းရုံကျေးရွာနေ ဦးပွ(၆၀) နှစ်၊ (ဘ)ဦးပေါ်ဘ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဖန်းဆိပ်)မယ(ပ)၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ရန်ကျော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၉-၂၀၁၉ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံ ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းနေ ရန်ကျော်(ခ)ရန်ကျော်သွင် (၂၉)နှစ်၊ (ဘ)ဦးဝင်းဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ (ပ) ၃၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မောင်မောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၉-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မောင်မောင်(ခ) မောင်မောင်ဆွေ (၄၀)နှစ်၊ (ဘ)ဦးကျော်ဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သက်ဦးရွာသစ်ကျေးရွာနေ ဇော်ရွှေ (၄၃) နှစ်၊ (ဘ) ဦးစံထွန်းတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂) ဦးအား မမစ(ရပ်စောက်) မယ(ပ)၄၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အမှတ် (၂) ရပ်ကွက်၊ (၂၈) လမ်းနေ ကျော်မင်းထွန်းနှင့်ဇနီး မစုသီဂီကျော်တို့သည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၉-၂၀၁၉ ရက်နေ့တွင် ညောင်တုန်းမြို့၊ အမှတ်(၂) ရပ်ကွက်၊ (၂၈) လမ်းနေ ကျော်မင်းထွန်း(ခ)ကျော်လေး (၄၁) နှစ်၊ (ဘ)ဦးမောင်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင်တိမ်းရှောင်နေပြီး ဇနီးဖြစ်သူ မစုသီဂီကျော် (၂၈)နှစ်၊ (ဘ)ဦးညီညီကျော်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ညောင်တုန်း) မယ(ပ)၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၁၄-၉-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၄၉) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၈၀)ဦး၊ မ(၁၈၃)ဦး၊ ပေါင်း(၁၁၆၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၇၁၂.၈၉၈၄) ဂရမ်၊ ICE(၁၃၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၈၀၉.၂၇) ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၉၆၈၂)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခု သီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ဗလမင်းထင် တံတားထိပ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၃) ဦးထံမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးညှင်းမြို့နယ်၊ မိုင်းနောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၄၃၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ (၁၁၅၄၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖားကန့်မြို့နယ်၊ ဝေ့ခါကျေးရွာ၌ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား အကြေမှုန့်(၃၀)ဂရမ်၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကယန်းသာယာ(တောင်) ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅)ပြား၊ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၆)ပြား၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အမှတ်(၅) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၇၁)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၌ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား (၄၂၆)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မကညင်တန်းကျေးရွာ၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၅၀၀)ပြား၊ သာဇေကုန်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀၀)ပြား၊ ဘိန်းဆီခဲ(၂၅၀၀)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်(၆၅/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၇၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရွာငံမြို့နယ်၊ ညောင်ကုန်းကျေးရွာအနီး အောင်ပန်း-ရွာငံသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၄၂၅၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ပါချီးကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၈၄၀)ပြား၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်း မိုင်တိုင် (၈၀/၄)၌ သတင်းအရ Corolla ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၈၇)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကျိုင်းလပ်မြို့နယ်၊ ကျကကျေးရွာနှင့် ကော်မိုင်ဟုန်း ကျေးရွာအနီးတစ်ဝိုက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် တောင်ယာအနီးမှ ပိုင်ရှင်မဲ့ ကဖင်း(၂၅၀၀၀)ဂရမ်၊ မဘိမ်းမြို့နယ်၊ ပင်ကြိမ်ရွာသစ်ကျေးရွာအနီး ပေါင်းနက်တံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျိုင်းတုံမြို့နယ်၊ တောင်ခြေကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပန်မတ်ကျေးရွာအနီး ပန်မတ်-ရင်ကွဲတောင်သွား လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၄)စီးအား စိစစ်ရန် ရပ်တန့်ခိုင်းစဉ် ဆာလာအိတ်များပစ်ချ၍ နောက်ပြန်လှည့်မောင်းနှင်ထွက်ပြေးသွားပြီး ကျန်ရှိခဲ့သည့် ဆာလာအိတ်များအတွင်းမှ ICE(၁၅၀၀၀၀)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ ကျောက်တုံးကျေးရွာ၌ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၃၁၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်၊ အမှတ်(၁) ချစ်ကြည်ရေးတံတားပေါ်၌ သတင်းအရ သုံးဘီးဆိုင်ကယ်(၂) စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ Hydrochloric Acid (၂၃၀၀)လီတာ၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ Hydrochloric Acid(၅၉၈၀)လီတာ၊ Isuzu ယာဉ်(၁)စီး၊ Canter ယာဉ်(၁)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီး၊ ဝမ်ပုံကျေးရွာအဝင် တာချီလိတ်-ဝမ်ပုံသွားကားလမ်း မိုင်တိုင်(၃၇)၌ သတင်းအရ Pajero ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၅၀၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းဖြတ်မြို့နယ်၊ နမ့်ယောင်းကျေးရွာ၌ တရားခံအမျိုးသမီး (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ မီးရထားသံလမ်းကူးအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၉၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ မင်းလယ်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ ပိန္နဲကုန်းကျေးရွာလမ်းပေါ်၌ သတင်းအရ Pajero ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁) ဦးထံမှ စိတ်ကြွဆေးပြား (၇၄၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဝန်းသိုမြို့နယ်၊ (၅)မိုင်လမ်းဆုံအနီး ဝန်းသို-ပင်လည်ဘူးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း(၁၉)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ မော်လိုက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine ဆေးမှုန့်(၃.၂)ဂရမ်၊ တောင်ဖီလာ ရပ်ကွက်အနီး လိုင်မူန်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၄၆၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့နယ်၊ ကျွန်းတောရေရှင်ကျေးရွာအနီး တမူး-ကလေးသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ(၁၄၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ မြင်သာကျေးရွာ၌ တရားခံ အမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃၅)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ ပင်ခုတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၂)ပြား၊ ဘိန်းဖြူ(၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၇၆)ပြား၊ ကျွန်းစုမြို့နယ်၊ ချောင်းကြီးဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၁၀)ပြား၊ တောကာကျေးရွာအနီးပင်လယ်ပြင်၌ မျောပါလာပြီး ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၁)ထုပ် အတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၃၁၇)ပြား၊ ကော့သောင်းမြို့နယ်၊ ချောင်းဝကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၈၆၄၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၈)ရပ်ကွက်အနီး ရန်ကုန်-မန္တလေးသွား ကားလမ်းဟောင်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၂) ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀၀)ပြား၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဗဟင်းကျေးရွာအနီး မြိုင်-ဗဟင်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၁၃၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၁၀)ပြား၊ ဘိန်းဖြူ(၄.၆)ဂရမ်၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ သတင်းအရ လားရှိုးမှ တောင်တွင်းကြီးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၂၈၅၀)ပြား၊ မိုးကုတ်မြို့၊ လယ်ဦးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၂၉)ပြား၊ ဘိန်းဖြူ(၁၈)ဂရမ်၊ ကျောက်ဆည်မြို့နယ်၊ ကတဲကျေးရွာအနီး ကတဲ-ကြက်ဆင်ကျေးရွာသွား လမ်းဘေး၌ ဗွက်နစ်နေသည့်ပိုင်ရှင်စိစစ်ဆဲ Mark-II ယာဉ်အတွင်းမှ ဘိန်းဖြူ(၆၉၃၀)ဂရမ်၊ ဘိန်း(၅၉၈၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရမည်းသင်းမြို့နယ်၊ အင်တိုင်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၅၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှစိတ်ကြွဆေးပြား (၇၉၈) ပြား၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဆေးခြောက် (၅၀၆) ဂရမ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ (၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၅) ပြားအားလည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ တာလေမြို့ တိုးဂိတ်အနီး၌ သတင်းအရ Vigo ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ တူမီးသေနတ်(၁)လက်အား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သည့် ဖမ်းဆီးရမိမှုဖြစ်စဉ် (၁) ခုရှိခဲ့ပြီး မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံသို့သယ်ယူပို့ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံအမျိုးသား(၁၃)ဦးနှင့်အတူ စိတ်ကြွဆေးပြား (၄၀၁၈၀)ပြား၊ ၇၉ မမ လောင်ချာ(၁)လက်၊ ပစ္စတိုသေနတ်(၄) လက်၊ M-16 သေနတ်(၂)လက်၊ AK သေနတ်(၂)လက်၊ ဗုံးသီး(၁၅)လုံး၊ ကျည်မျိုးစုံ(၃၄၅)တောင့်၊ ကျည်အိမ်မျိုးစုံ(၁၂) ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၈-၉-၂၀၁၉ရက်နေ့မှ ၁၄-၉-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း (၂၂၀)မှု၊

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Lee Sang-hwa အား ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းနှင့်ဇနီးတို့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း သတင်းထုတ်ပြန်ဆောင်ရွက်ပေးနိုင်ခဲ့မှု၊ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် လေကြောင်းကဏ္ဍဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ YACL မှ တာဝန်ရှိသူများ၊ ပြည်တွင်းလေကြောင်းလိုင်း အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လေကြောင်းကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။ **(ယာပုံ)**



**အချိန်ကြာမြင့်စွာ ပိတ်ထားခဲ့ရ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Y-8 အမျိုးအစား တပ်မတော်လေယာဉ်လမ်းချော်မှု ဖြစ်ပွားခဲ့ပြီး ရန်ကုန်လေဆိပ်ကို ၁၉ နာရီခန့် ပိတ်ခဲ့ရကြောင်း၊ ယခင်က အလားတူ မတော်တဆမှုများကြောင့် လေယာဉ်ကွင်းကို ပိတ်ခဲ့ရသည့်ဖြစ်စဉ်များ ရှိခဲ့သော်လည်း လေယာဉ်ကွင်းပိတ်ချိန်မှာ ၂ နာရီ၊ ၂ နာရီခွဲခန့်သာ ကြာမြင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လေယာဉ်ကွင်းကို အချိန်ကြာမြင့်စွာ ပိတ်ထားခဲ့ရခြင်းကြောင့် လေကြောင်းလိုင်းများနှင့် လေယာဉ်စီး ခရီးသည်များအတွက် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်ခရီးစဉ် ခုနစ်ခုနှင့် ပြည်ပမှ ဆိုက်ရောက်မည့် လေယာဉ်ခရီးစဉ် ၂၅ ခု စုစုပေါင်း လေကြောင်း ခရီးစဉ် ၃၂ ခု ဖျက်သိမ်းခဲ့ရပါကြောင်း။

**ခရီးသည်များအတွက် သက်သာရာရခဲ့**

အဆိုပါ လေယာဉ်လမ်းချော်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် လေဆိပ်မှ တာဝန်ခံများ ဆွေးနွေးညှိနှိုင်း၍ လေယာဉ်နှင့် လွတ်ကင်းသည့် ပြေးလမ်းပေ ၈၀၀၀ ခန့်ကိုအသုံးပြု၍ စုစုပေါင်းလေယာဉ်ခရီးစဉ် ၁၉ ခုအား ထွက်ခွာခွင့်ပြုခဲ့ခြင်း၊ အဆင်းလေယာဉ်များ ဘေးကင်းစွာ ဆင်းသက်ရန် လိုအပ်သည့် ပြေးလမ်းအရှည်အား တွက်ချက်၍ နယ်လေဆိပ်များတွင် စောင့်ဆိုင်းနေသော ပြည်တွင်းလေကြောင်းလိုင်းများမှ ATR လေယာဉ် ၁၂ စင်းအား ညနေ ၅ နာရီမှ ညနေ ၆ နာရီ ၁၈ မိနစ် မတိုင်မီအတွင်း အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့ခြင်းတို့ကြောင့် အချို့လေကြောင်းလိုင်းများနှင့် ခရီးသည်များအတွက် သက်သာရာရခဲ့ပါကြောင်း။

လေယာဉ်အား ဖယ်ရှားရာတွင် နာရီပေါင်းများစွာ ကြာမြင့်ခဲ့ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်လိုအပ်ပါကြောင်း၊ နောင်တွင် ယခုကဲ့သို့ ဖြစ်စဉ်များ ဖြစ်ပွားလာလျှင် အချိန်တိုအတွင်း ဖယ်ရှားနိုင်ရန်အတွက် ဆောင်ရွက်ရမည့်နည်းလမ်း၊ အသုံးပြုရမည့် စက်ကိရိယာအမျိုးအစားတို့ကို သိရှိထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**လေကြောင်းခရီးစဉ်များ ရှင်းလင်းတင်ပြ**

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တပ်မတော် (လေ) မှ Y-8 လေယာဉ်ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ဖြစ်စဉ်အကျဉ်း၊ လေယာဉ်အား ပြေးလမ်းပေါ်မှ ဖယ်ရှားနိုင်ရန်အတွက် တပ်မတော်(လေ) မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်နှင့် ရပ်နား၊ ဖျက်သိမ်းခဲ့ရသည့် လေကြောင်းခရီးစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Yangon Aerodrome Company Limited နှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက ဖြစ်စဉ်အတွင်း ဆောင်ရွက်ခဲ့မှု၊ လေကြောင်းလိုင်းများအလိုက် စောင့်ဆိုင်း၊ ရပ်ဆိုင်း၊ ဖျက်သိမ်းခဲ့ရသည့် လေကြောင်းခရီးစဉ်များနှင့် ခရီးသည်များ အဆင်ပြေချောမွေ့ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ထိခိုက်မှုအနည်းဆုံးဖြစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအရ တပ်မတော် (လေ) မှ Y-8 လေယာဉ် ပြေးလမ်းချော်မှုဖြစ်စဉ်တွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်လေဆိပ်မှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ကျွမ်းကျင်ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ကြန့်ကြာရခြင်း အကြောင်းရင်းကို ဆက်လက်စုံစမ်း ဖော်ထုတ်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်တွင် ထိခိုက်မှုနည်းပါးစေရန်အတွက် ပြေးလမ်းပခုံးများ ကြံ့ခိုင်ကောင်းမွန်ရန်အတွက် ပြုပြင်ရန် လိုအပ်ပါကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍နောင်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်ရန် မည်သို့ဆောင်ရွက်မည်ကို အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြသည့် တာဝန်ရှိပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အ.ထ.က (၁) လယ်ဝေးတွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**လယ်ဝေး စက်တင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ အ.ထ.က (၁) လယ်ဝေး ရွှေရတုခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး လယ်ဝေးမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမှုအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန နေပြည်တော်တိုင်းရုံးမှ ညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ဒက္ခိဏခရိုင်ဦးစီးဌာနမှူး ဦးအောင်ကိုလတ်နှင့် တာဝန်ရှိသူများက အ.ထ.က (၁) လယ်ဝေးမှ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန နေပြည်တော်တိုင်းဦးစီးဌာနမှူး ဦးထိန်ဝင်း၊ ဒက္ခိဏခရိုင်ဦးစီးဌာနမှူး ဦးအောင်ကိုလတ်၊ မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမ များ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ကျောင်းသားကျောင်းသူ ၃၆၅ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**




*စာမျက်နှာ ၈ မှ*

တရားခံကျား (၂၈၂)ဦး၊ မ (၂၈)ဦး၊ ပေါင်း (၃၁၀) ဦး၊ စိတ်ကြွဆေးပြား (၆၀၂၃၅၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၃၀)ဂရမ်၊ ဘိန်းဖြူ (၂၀၇၄၅.၁၆၄) ဂရမ်၊ ဆေးခြောက်(၇၇၇၉.၈)ဂရမ်၊ ICE(၆၅၀၀၆၃.၃၉)ဂရမ်၊ဘိန်း(၁၀၂၄၁၅.၄၃)ဂရမ်၊ ဘိန်းဆီခဲ (၂၅၀၀)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂.၅)ဂရမ်၊ဘိန်းစာမှုန့်(၈၆၉၀)ဂရမ်၊ Buprenorphine ဆေးမှုန့်(၃.၂)ဂရမ်၊ ကဖင်း(၂၅၀၀၀) ဂရမ်၊ Hydrochloric Acid(၈၂၈၀)လီတာ၊ လက်နက်မျိုးစုံ(၁၀)လက်၊ ဗုံးသီး(၁၅)လုံး၊ ကျည်မျိုးစုံ(၃၄၅)တောင့်၊ ကျည်အိမ်မျိုးစုံ (၁၂) ခုတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့် အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်း တိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန် -**


| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ဒစ်ဂျစ်တယ်မြန်မာစာနှင့် ယူနီကုဒ်စံကူးပြောင်းရေး

## ယူနီကုဒ်စံစနစ်ကို အသုံးပြုနိုင်မှသာ မြန်မာစာနှင့် တိုင်းရင်းသားစာများ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်လာမည်

ဒေါက်တာထွန်းသူရသက်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်)

ယူနီကုဒ်ဆိုသည်မှာ တစ်ကမ္ဘာလုံးရှိ ဘာသာစကားအားလုံးကို ကွန်ပျူတာစနစ်အမျိုးမျိုးတွင် ရေးဖတ်နိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အဆင့်မြင့်သော ဘာသာစကားအသုံးပြုခြင်း ဆောင်ရွက်မှုများ စွမ်းဆောင်နိုင်ရန် ရည်ရွယ်၍ အက္ခရာများအား နံပါတ်သတ်မှတ်သိမ်းဆည်းခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းဖြစ်ပါသည်။ ယူနီကုဒ်စံစနစ်ကို Unicode Consortium အဖွဲ့အစည်းက နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း (International Standard Organization- ISO) နှင့် နိုင်ငံတကာအီလက်ထရောနစ်ဆိုင်ရာ နည်းပညာကော်မရှင် (International Electrotechnical Commission-IEC) တို့နှင့် ပူးပေါင်းကာ နည်းပညာအချက်အလက်များ (Character Database, Technical Standards, Technical Notes, Common Locale Data Repository) ကို သတ်မှတ်ပြီး ပြဋ္ဌာန်းထုတ်ပြန်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း (ISO) ၏ ISO/IEC 10646 စံချိန်စံညွှန်းအရ Universal Coded Character Set တွင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအားလုံးအတွက် အက္ခရာပေါင်း ၁၃၇၀၀၀ ကျော် သတ်မှတ်ထားပါသည်။




ယူနီကုဒ်စံကိုအသုံးပြုခြင်းအားဖြင့် မြန်မာစာနှင့် တိုင်းရင်းသားစာများကို ကမ္ဘာတစ်ဝန်းရှိ ဘာသာစကားများနှင့် တွဲဖက်ကာ အပြန်အလှန်ရေးသားအသုံးပြုနိုင်မည့်အပြင် ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းအသုံးပြုရာတွင် အက္ခရာစဉ်ခြင်း၊ ရှာဖွေခြင်းနှင့် ဘာသာပြန်ခြင်း အစရှိသော ဘာသာစကားများနှင့် သက်ဆိုင်သည့် အခြေခံနှင့် အဆင့်မြင့်လုပ်ငန်းစဉ်များကို ဆော့ဝဲစနစ်မျိုးစုံတွင် လွယ်လင့်တကူ အသုံးပြုလာနိုင်ကြပါလိမ့်မည်။ Gboard, Google Translate, Google Maps, Google Lens, Microsoft Office, ICU, CLDR အစရှိသော နိုင်ငံတကာ ဆော့ဝဲစနစ်များနှင့် Windows, Mac, Linux, Android, iOS အစရှိသော Operating Systems များသည် ယူနီကုဒ်စံစနစ်ကိုသာ အခြေခံထားကြသည့်အတွက် ၎င်းဆော့ဝဲများကိုလည်း ပိုမိုတွင်ကျယ်စွာ အကျိုးရှိရှိ အသုံးပြုလာနိုင်ကြမည်ဖြစ်ပါသည်။





လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ယူနီကုဒ်စံကို ပြောင်းလဲသုံးစွဲနိုင်ခြင်းမရှိသေးသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ အခြားနောက်ဆုံးနိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွင် ယူနီကုဒ်စံစနစ်သို့ ကူးပြောင်းသုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ယူနီကုဒ်ခရီးစဉ်မှာ နှစ် ၂၀ ခန့် ကြာရှိခဲ့ပြီဖြစ်ပါသည်။ မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် မြန်မာကွန်ပျူတာပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် မြန်မာသတ်ပုံကျမ်းပါ အစဉ်လိုက် သတ်မှတ်ထားသည့် မြန်မာအက္ခရာ ၇၈ လုံး အတွက် စံသတ်မှတ်ခြင်းကို ၁၉၉၉ ခုနှစ်တွင် ထွက်ရှိသော Unicode 3.0 တွင် စတင်ပါဝင်ခဲ့ပါသည်။ ထို့နောက်တွင် မြန်မာစာအဖွဲ့ဝင် ဆရာကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာကွန်ပျူတာပညာရှင်များ၊ တိုင်းရင်းသားစာပေပညာရှင်များ၏ ဆက်လက်ကြိုးပမ်းမှုများကြောင့် အဆင့်ဆင့် တိုးတက်မှုရရှိခဲ့ပါသည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ်တွင် ထွက်ရှိသော Unicode 5.1 တွင် မြန်မာအက္ခရာ ၁၅၆ လုံး၊ ၂၀၀၉ ခုနှစ်တွင် ထွက်ရှိသော Unicode 5.2 တွင် မြန်မာအက္ခရာ ၁၈၈ (၁၆၀ + ၂၈ Extended A) လုံး၊ ၂၀၁၄ ခုနှစ်တွင် ထွက်ရှိသော Unicode 7.0 တွင် မြန်မာအက္ခရာ ၂၂၃ (၁၆၀ + ၃၂ Extended A + ၃၁ Extended B) လုံး အဆင့်ဆင့် တိုးတက်ရရှိခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အမျိုးသားစံချိန်စံညွှန်းကောင်စီမှ ISO/IEC 10646: 2017 သတင်းအချက်အလက်နည်းပညာ -- နိုင်ငံတကာသုံးယူနီကုဒ်စံစနစ်ကို မြန်မာစံချိန်စံညွှန်းတစ်ခုအဖြစ် အဆင့်ဆင့် စနစ်တကျဆောင်ရွက် သတ်မှတ်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ၂၀၁၉၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အစိုးရရုံးများတွင် ယူနီကုဒ်စံကို


**“မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အစိုးရနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်များ တိုးတက်အောင်မြင်နိုင်ရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်ကျမကျန်ရစ်စေရန်အတွက် အများပြည်သူအနေဖြင့် အဆင့်မြင့်နည်းပညာများကို မြန်မာစာနှင့် တိုင်းရင်းသားစာများဖြင့် အခြေခံ၍ အသုံးပြုနိုင်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးဆုံး အခြေခံလိုအပ်ချက်တစ်ခုဖြစ်”**

လိုက်နာ၍ တိုင်းရင်းသားစာများကိုပါ တွဲဖက်ရေးဖတ်နိုင်သော “ပြည်ထောင်စုဖောင့်” ကို တရားဝင်ရုံးသုံးဖောင့်အဖြစ် စတင်ပြောင်းလဲအသုံးပြုနိုင်ခဲ့ကြပြီဖြစ်ပါသည်။ အများပြည်သူလည်း ယူနီကုဒ်စံစနစ်သို့ ပြောင်းလဲအသုံးပြုရန်လိုအပ်ပါသည်။ ရေးသူ၊ ဖတ်သူ တစ်ပြိုင်နက်တည်း ပြောင်းမှသာ အောင်မြင်နိုင်သည့်အတွက် ၂၀၁၉၊ အောက်တိုဘာလ ၁ ရက်နေ့ကို အများပြည်သူ ယူနီကုဒ်စံကူးပြောင်းသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

အများယူဆသကဲ့သို့ ယူနီကုဒ်ဆိုသည်မှာ ဖောင့် နှင့် ကီးဘုတ် မဟုတ်ပါ။ ယူနီကုဒ်သည် ဖောင့်နှင့် ကီးဘုတ်ဆော့ဝဲ ရေးသားသူများ လိုက်နာရမည့် စံစနစ်တစ်ခု ဖြစ်ပါသည်။ မြန်မာစာဖောင့်များနှင့် ကီးဘုတ်များရေးသားရာတွင် ယူနီကုဒ်စံစနစ်သာမက မြန်မာစာစံရေးထုံးစံနှင့် ကိုက်ညီရန်လိုအပ်ပါသည်။ မြန်မာစာရေးသားရာတွင် ဗျည်း၊ ဗျည်းတွဲ၊ သရ ဟူ၍ ရှိပါသည်။ ဗျည်းနှင့် ဗျည်းတွဲကို ထိဆက်အောင်ရေးသားရပြီး၊ ဗျည်း၊ ဗျည်းတွဲကို သရနှင့် ထိဆက်အောင် မရေးသားရပါ။ ဥပမာ “ကျောင်း” ဟူသောစကားလုံးကို ရေးသားရာတွင် “က” (ကကြီး) နှင့်၊ “ျ” (ယပင့်) ကို ထိဆက်အောင်ရေးသားရပြီး “ေ” (သဝေထိုး)၊ “ာ” (ရေးချ)၊ “င်” (ငသတ်) နှင့် “း” (ဝစ္စနှစ်ပေါက်) တို့ကို မထိဆက်အောင် ရေးသားရပါသည်။ “ကြောင်း” ဟူသော စကားလုံးကို ရေးသားရာတွင် “ေ” (သဝေထိုး) + “က” (ကကြီး) + “ြ” (ရရစ်) + “ာ” (ရေးချ) + “င်” (ငသတ်) + “း” (ဝစ္စနှစ်ပေါက်) ဟူ၍ ရေးသားရမည်ဖြစ်ပါသည်။ “ေ” (သဝေထိုး) + “ြ” (ရရစ်) + “က” (ကကြီး) + “ာ” (ရေးချ) + “င်” (ငသတ်) + “း” (ဝစ္စနှစ်ပေါက်) မဟုတ်ပါ။ မြန်မာစာကွန်ပျူတာစနစ်ကို တည်ဆောက်ရာတွင် မြန်မာစာစံနှင့် ရေးထုံးမှန်ကန်မှသာ စစ်မှန်သောမြန်မာစာ တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ မြန်မာစာနှင့်တန်းတူ တိုင်းရင်းသားစာများ၊ ရေရှည်တည်တံ့ ခိုင်မြဲစေရေးသည်လည်း မြန်မာနိုင်ငံသားများအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။




မြန်မာယူနီကုဒ်စံကူးပြောင်းရေး အောင်မြင်စေရန် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ပါသည်။ အများပြည်သူ မြန်မာယူနီကုဒ်စံကူးပြောင်းရေးသည် အစိုးရရုံးများကူးပြောင်းရေးထက် ပိုမို၍ အခက်အခဲများစွာကို ရင်ဆိုင်ရမည်ဖြစ်ပါသည်။ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ၊ ဆာဗာများ အမျိုးအစားစုံ အချိန်မီပြောင်းလဲရန် လိုအပ်ပါသည်။ ဖုန်းအော်ပရေတာများ၊ စာနယ်ဇင်းနှင့် သတင်းမီဒီယာများ၊ ဘဏ်များ၊ NGO များ၊ အခြားအများပြည်သူနှင့်ဆိုင်သော အဖွဲ့အစည်းများ၊ ဆားဗစ်စင်တာများ၊ ဖုန်းအရောင်းဆိုင်များ၊ ကွန်ပျူတာနှင့် ဖုန်းထုတ်လုပ်သူများ၊ ကွန်ပျူတာအသင်းများ၊ အခြားလုပ်ငန်းရှင် အသင်းအဖွဲ့များ၊ နည်းပညာရှင်များ၊ အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ ပြည်သူများပြောင်းလဲသုံးစွဲရာတွင် အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ပြည်သူအများစုသည် မိုဘိုင်းဖုန်းမျိုးစုံကို မော်ဒယ်မျိုးစုံ အသုံးပြုနေကြပါသည်။ စနစ်အသစ်များ၊ စနစ်အဟောင်းများ အားလုံး ပါဝင်ပါသည်။ နိုင်ငံခြားမှ တိုက်ရိုက်ဝယ်ယူလာသောဖုန်းများတွင် ယူနီကုဒ်စံစနစ်ကို အဆင်သင့် အသုံးပြုနိုင်သော်လည်း မြန်မာနိုင်ငံအတွင်း၌ ဝယ်ယူထားသောဖုန်းများတွင် စံစနစ် မကိုက်ညီသောဖောင့်နှင့် ကီးဘုတ်များကို ထည့်သွင်းပြီးဖြစ်သောကြောင့် မူလယူနီကုဒ်ဖောင့်နှင့် ကီးဘုတ်ကို ပြန်လည်ပြောင်းပေးရန်လိုအပ်ပါသည်။ ကွန်ပျူတာနှင့် ဖုန်းကျွမ်းကျင်သူများအတွက် အခက်အခဲမရှိနိုင်သော်လည်း မကျွမ်းကျင်သူများအနေဖြင့် ခက်ခဲနိုင်ပါသည်။ ထို့ကြောင့် သတင်းစာများ၊ တီဗွီချန်နယ်များ၊ လူမှုကွန်ရက်များ၊ အနုပညာရှင်များ၊ Social Influencers များ၊ Key Opinion Leader (KOL) များမှတစ်ဆင့် အရေးကြီးသောအချက်အလက်များ ပြည်သူများအားလုံးထံ ရောက်ရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ တွင် ယူနီကုဒ်စံစနစ်သို့ တစ်နိုင်ငံလုံး ကူးပြောင်းသုံးစွဲကြမည်ကို ပြည်သူအားလုံး သိရန်လိုအပ်ပါသည်။ အခက်အခဲမျိုးစုံ တွေ့ကြုံလာနိုင်မည်ဖြစ်သဖြင့် ကြိုတင်၍ စမ်းသပ်ပြောင်းလဲထားသင့်ကြောင်း ကြိုတင်အသိပညာပေးခြင်းများ လိုအပ်ပါသည်။




အချုပ်အားဖြင့်တင်ပြရသော် ယူနီကုဒ်စံစနစ်ကို အသုံးပြုနိုင်မှသာ မြန်မာစာနှင့် တိုင်းရင်းသားစာများ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အစိုးရနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်များ တိုးတက်အောင်မြင်နိုင်ရန်နှင့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်ကျမကျန်ရစ်စေရန်အတွက် အများပြည်သူအနေဖြင့် အဆင့်မြင့်နည်းပညာများကို မြန်မာစာနှင့် တိုင်းရင်းသားစာများဖြင့် အခြေခံ၍ အသုံးပြုနိုင်ရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးဆုံး အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ယူနီကုဒ်စံကူးပြောင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားတိုးတက်အောင်မြင်မှုရရှိစေရန် အဓိကကျသောခြေလှမ်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

“မြန်မာယူနီကုဒ်စံကူးပြောင်းရေးသည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသည်။ ပြိုင်တူရွှေ့မှ ရွှေ့မည့် အရွှေ့တစ်ခုလည်း ဖြစ်ပါသည်။”

## မြန်မာယူနီကုဒ်စံစနစ်နှင့် ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများက မြန်မာယူနီကုဒ်စံစနစ်နှင့် ပတ်သက်၍ ဗဟုသုတမျှဝေခြင်းကို စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက် ဖိုးဝဇီရခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ









ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၌ ဗီယက်နမ်နိုင်ငံ လေ့လာရေးခရီးစဉ်အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

# ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဗီယက်နမ်နိုင်ငံ လေ့လာရေးခရီးစဉ် အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၆

**ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၌ ဗီယက်နမ်နိုင်ငံလေ့လာရေး ခရီးစဉ်အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနား၌ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့်သက်ဆိုင်သည့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဆိုင်ရာမူဝါဒများ၊ လယ်ယာစိုက်ပျိုးမြေ အသုံးချမှုနှင့် စီမံခန့်ခွဲမှုများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး၊ မြေယာဆိုင်ရာဥပဒေများ ရေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံမှ လေ့လာခဲ့ရသည့် ဗဟုသုတ၊ အတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်စိုးလင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်း၊ အတွင်းရေးမှူး ဦးမောင်မောင်ဦး၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်၊ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် ကော်မတီအဖွဲ့ဝင် ဦးဇော်မင်းလွင်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဒေါ်မမလေး၊ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ အတွင်းရေးမှူး ဦးစိုးလေးနှင့် အဖွဲ့ဝင် ဦးစိုင်းလုံစံခတ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှမြင့်သန်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှုဗဟိုကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့် Landesa အဖွဲ့မှ Country Director Dr.Mark West ခေါင်းဆောင်သော အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံအား အထောက်အပံ့ပြုနေသည့် စီမံကိန်းလုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်းသည့် ဥပဒေ၊ အမျိုးသမီးများအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေနှင့် သားဆက်ခြားကျန်းမာရေးဥပဒေတို့ ပြဋ္ဌာန်းဆောင်ရွက်မှုအခြေအနေ၊ အမျိုးသားမြေယာဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံအား အထောက်အပံ့ပြုနေသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. Tim Enderlin အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

## အထူးရှာဖွေကယ်ဆယ်ရေးသင်တန်း မုံရွာမြို့၌ ဖွင့်လှစ်

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးက ကြီးမှူး၍ အထူးရှာဖွေကယ်ဆယ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၁၉)ကို မုံရွာမြို့ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် သင်တန်းနည်းပြဆရာများက အထူးရှာဖွေကယ်ဆယ်ရေးနှင့်ပတ်သက်သည့် သင်ခန်းစာများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ သင်တန်းသား ၃၅ ဦးအား စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မှ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုအသင်းနှင့် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြသည့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲမစတင်မီ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် အစိုးရအဖွဲ့မှ Mr. R.K. Shiva Chandra နှင့် တာဝန်ရှိသူများသည် နှစ်နိုင်ငံ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များနှင့် ဘောလုံးဝါသနာရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများနှင့် နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက မဏိပူရ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ မဏိပူရ်အသင်းအတွက် ဂုဏ်ပြုဆုဖလားအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လည်းကောင်း၊ ပထမဆုရ မြန်မာအသင်းအား မဏိပူရ်ပြည်နယ်မှ Mr. R. K. Shiva Chandra နှင့် တာဝန်ရှိသူများက လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ည ၈ နာရီတွင် အိန္ဒိယနိုင်ငံ အနုပညာရှင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သော မဏိပူရ်ပြည်နယ် ကိုယ်စားပြုအသင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ် အကအလှုများဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက် ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အသက် (၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲမှတစ်ဆင့် ရှမ်းပြည်နယ်အတွက် ထူးချွန်ထက်မြက်သည့် လက်ရွေးစင် အားကစားသမားများကို ရွေးချယ်ပြီး နေပြည်တော်တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲသို့ ရှမ်းပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲမှ ရှမ်းပြည်နယ်အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြိုင်ပွဲဝင် အားကစားသမားများကို လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်နေသည့် အမျိုးသား၊ အမျိုးသမီး မီတာ(၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ(၄၀၀) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြ၍ ဆုပေးပွဲချီးမြှင့်ရာ အမျိုးသား မီတာ(၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသော မဘိမ်းမြို့နယ်အသင်း၊ ဒုတိယဆုရရှိသော နမ့်ခမ်းမြို့နယ်အသင်း၊ တတိယဆုရရှိသော ညောင်ရွှေမြို့နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပေးအပ်ကာ ငွေသားဆုများကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မဘိမ်းမြို့နယ်၊ ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အပြည်ပြည်ဆိုင်ရာစားပွဲတင်တင်းနစ် အခြေခံနည်းပြသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မသန်စွမ်းစားပွဲတင်တင်းနစ် အခြေခံနည်းပြသင်တန်းအဆင့်(၁)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အီရန်နိုင်ငံမှ သင်တန်းနည်းပြ Mr. Peyman Abalharsani က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အခမ်းအနားသို့ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စားပွဲတင်တင်းနစ် နည်းပြ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ရှစ်ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၂၄ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**





# ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဖလား မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဖလား မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကွင်းအမှတ်(၁)၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်များအပြီးတွင် ပွဲစဉ်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ရန်ကုန်တိုင်းဒေသကြီး ပြေးခုန်ပစ် ဆပ်ကော်မတီဥက္ကဋ္ဌ ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဖလားရရှိသွားသည့် လမ်းမတော်မြို့နယ်အသင်းအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက တံခွန်စိုက်ဆုဖလားပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ တင်းနစ်အားကစားနည်း ပူးတွဲလေ့ကျင့်မှုနှင့် ကူမင်း အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်၊ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကာတာနိုင်ငံတွင် ကျင်းပမည့် (၅၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်ညီလာခံသို့ တက်ရောက်ရန်နှင့် ကမ္ဘာ့ပြေးခုန်ပစ်ဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

**သတင်းစဉ်**

# ၂၀၁၉ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ(စတုတ္ထ)ပွဲစဉ် ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ၌ ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Sae Paing Development Ltd မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(စတုတ္ထ) ပွဲစဉ်ကို ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့်(အမျိုးသား)(H'cap 0-12) ဝါသနာရှင်အဆင့်(အမျိုးသမီး) (H'cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၁၂၀ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် စက်တင်ဘာ ၁၆ ရက်မှစတင်၍ အမည်စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ ထံ ပြိုင်ပွဲဝင်ကြေးနှင့်အတူ စာရင်းပေးသွင်းနိုင်သည်။စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် စက်တင်ဘာ ၂၄ ရက်နှင့် ၂၇ ရက်တွင် မွန်းတည့် ၁၂ နာရီထိ (Official Practice Round) ကစားနိုင်မည်ဖြစ်သည်။ အမည်စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲမယှဉ်ပြိုင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန်လိုအပ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ထို့ပြင် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများကိုလည်း ပြိုင်ပွဲအတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

✤ ကျောဖုံးမှ

ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ၂၀၁၉ ရာသီကြို ချာရတီဖလားပြိုင်ပွဲနှင့် MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲထားပြီး စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်း တက်ရောက်ထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် တစ်ရာသီလုံး ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရခဲ့ခြင်းဖြစ်ပြီး MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးရှုံးပွဲမရှိဘဲ ချန်ပီယံဆုရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် လာမည့်ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းများကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်ပြန်မည်ဖြစ်ပြီး အကြိုခြေစစ်ပွဲများကို ဇန်နဝါရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ အာရှအဆင့် ကလပ်ပြိုင်ပွဲတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းနှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားသဖြင့် ကျန်တစ်နေရာအတွက် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ရမည့် ရှုံးထွက်ဗိုလ်လုပွဲပြီးမှ ထွက်ပေါ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

◆ ကျောဖုံးမှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်ကစားသော တတိယလုပွဲ ပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီ တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ တွင် ဂိုးမရှိ သရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာ ဂိုးမရှိ သရေကျနေသောကြောင့် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ငါးဂိုး-သုံးဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးကစားသမားဆုများ၊ ဆုရအသင်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး ပထမဆုရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆုနှင့်တစ်ဦးချင်း ဆုတံဆိပ်များအပြင် တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့ ချင်းတွင်းရတနာဈေးအတွင်း တားမြစ်အလှကုန်ပစ္စည်းများ သိမ်းဆည်းရမိ

**မုံရွာ စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းရတနာဈေးအတွင်းရှိ စတိုးဆိုင်နှစ်ဆိုင်မှ တားမြစ်ထားသည့် အလှကုန်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာထွန်းလင်းအောင်ထံမှ သိရသည်။

ချင်းတွင်းရတနာဈေးအတွင်းရှိ စတိုးဆိုင်နှစ်ဆိုင်သို့ စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများဖြင့် ဝင်ရောက်စစ်ဆေးစဉ် မဒီတင်းတိပ်နှင့် ဝက်ခြံပျောက်ဆေးဘူး ၁၄၀၀ ခန့်ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



ချင်းတွင်းရတနာဈေးအတွင်းမှ တားမြစ်အလှကုန်ပစ္စည်းများအား သိမ်းဆည်းစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၉-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - ရာသီတုပ်ကွေးရောဂါကို မိမိကစ၍ကာကွယ်ပါ
- ၈း၃၅ - "မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်စက်လုပ်ငန်း"
- ၉း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ - "စက်တင်ဘာလ လပတ်မိုးလေဝသအစီအစဉ်"
- ၁၁း၃၅ - ဘ၀ထဲက၀တ္ထု၊ ၀တ္ထုထဲကဘ၀ "အက်ကြောင်းစိတ်ဆန္ဒတစ်စုံ"
- ၁၂း၃၀ - ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ လူမှုဘ၀ချမ်းသာရ
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၅) (နတ်ငှက်မယ်ကြာသမားကို ထောင်ချောက်ဆင်ဖမ်းခြင်း) (၂)
- ၁၄း၂၅ - မြန်မာနိုင်ငံတွင်ဖြစ်ပွားလျက်ရှိသောသက်ငယ်မုဒိမ်းမှု အခြေအနေများ
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း-၆)

**ညပိုင်း**

- ၁၆း၂၅ - မူးရင်မမောင်းနှင့်
- ၁၆း၃၅ - ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ "ကချင်၊ ကယား၊ ကရင်၊ ချင်း-လိုင်ဇိုး" (အရှေ့ပိုးကရင်)
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း
- ၁၇း၅၅ - ရေဘေးကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်
- ၁၈း၂၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (သရုပ်ဆောင် အကယ်ဒမီ ဗေလုဝ)
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၆) (နတ်ငှက်မယ်နန်းစံအိမ်မှ ကိစ္စများကို ကူညီဆောင်ရွက်ပေးခြင်း) (၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "ပြည်သူများသို့ Help Line ဝန်ဆောင်မှု"

# ကလေးမြို့တွင် လုယက်မှုကျူးလွန်သူ ခြောက်ဦး ဖမ်းဆီးရမိ

**ကလေး စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဓားထောက်ခြိမ်းခြောက်ကာ ဆိုင်ကယ်၊ ဖုန်း၊ ဆွဲကြိုး၊ ရွှေနားကပ်နှင့် ပိုက်ဆံအိတ် လုယက်သူခြောက်ဦးကို စက်တင်ဘာ ၁၅ ရက် ညပိုင်းက ကလေးမြို့ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဖိုလ်ဖိုလ်အောင် ဦးစီးသော ပူးပေါင်းအဖွဲ့များသည် ပင်လုံရပ်ကွက် နယ်မြေ (၁) စကျင့်လမ်းအနီးတွင် ဆိုင်ကယ်နှင့်အတူ တွေ့ရှိရသည့် ဇင်မင်းဦး (ခ) ကုလားလေးနှင့် ရန်လင်းထွန်း (ခ) ဉာဏ်လင်းအောင်(ခ)ချစ်တိုး တို့နှစ်ဦးအား စစ်ဆေးရာ ၎င်းတို့ထံမှ ပိုက်ဆံအိတ်တစ်လုံးနှင့် အိုင်ဖုန်းတစ်လုံးတို့မှာ လုယက်ယူဆောင်လာခြင်းဖြစ်ကြောင်းသိရသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ကွင်းဆက်ဖော်ထုတ်စစ်ဆေးခဲ့ရာ စလင်းတိုက်ရပ်ကွက် နေသူ ဇင်မင်းဦး(ခ) ကုလားလေး(၁၉ နှစ်)၊ အောင်ဇေယျရပ်ကွက်နေ ရန်လင်းထွန်း (ခ) ဉာဏ်လင်းအောင် (ခ) ချစ်တိုး (၁၆ နှစ်)တို့နှင့်အတူ ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် ဟိန်းမင်းဦး(ခ)သခွားသီး၊ ညီညီမင်း(၂၅ နှစ်)၊ ငထက် (ခ)အိုးကြီးနှင့် အောင်မြင့်ထွန်း (ခ) ကုလားတို့ဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၁၄ ရက်အတွင်း ဆိုင်ကယ်သုံးစီး၊ ဖုန်းငါးလုံး၊ ရွှေထည်ပစ္စည်းများနှင့် ငွေများအပါအဝင် စုစုပေါင်းလုယက်မှု ခြောက်ကြိမ်ကျူးလွန်ထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မတ္တရာမြို့နယ်တွင် အမျိုးသမီးတစ်ဦး ရေနစ်သေဆုံး

**မတ္တရာ စက်တင်ဘာ ၁၆**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သပြေလှကျေးရွာရှိ ရေမြောင်းအတွင်း၌ စက်တင်ဘာ ၁၅ ရက်က အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးကြောင်း သိရသည်။

အမျိုးသမီးတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ မြို့မစခန်းမှူး ဒုရဲမှူး ပြေဦး ဦးစီးသော တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ဆိတ်သာကျေးရွာအုပ်စု သပြေလှကျေးရွာအတွင်းရှိ နှံ့သာဖြူလယ်ကြားမြောင်းစပ်တွင် မစန္ဒာအောင်(၂၁နှစ်) ရေနစ်သေဆုံးနေသည်ကို တွေ့ရသည်။ ဆက်လက်စုံစမ်းမေးမြန်းရာ သေဆုံးသူ၏ခင်ပွန်းဖြစ်သူ မောင်ကြိုင်က ၎င်း၏ဇနီးဖြစ်သူသည် ယမန်နေ့နံနက် ၈ နာရီက ဟင်းရွက်ခူးရောင်းရန်ထွက်သွားပြီး နံနက် ၁၁ နာရီအထိ ပြန်ရောက်မလာသဖြင့် လိုက်လံရှာဖွေရာ ရေနစ်သေဆုံးနေသည်ကို တွေ့ရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ကြောင်း၊ ဇနီးဖြစ်သူမှာ အတက်ရောဂါဝေဒနာသည်ဖြစ်ကြောင်း၊ မကြာခဏအတက်ရောဂါ ဖြစ်ပွားတတ်ကြောင်း ပြောကြားသည်။ အလောင်းအား မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါအမှုမှ မစန္ဒာအောင်သေဆုံးရခြင်းနှင့် ပတ်သက်၍ မတ္တရာမြို့မစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# လှည်းကူးမြို့ ပြည်သူ့ကျန်းမာရေးသင်တန်းဌာနရှိ အမျိုးသမီးအိပ်ဆောင်တွင် ဖုန်းများခိုးယူခံရ

**လှည်းကူး စက်တင်ဘာ ၁၆**
ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနရှိ အမျိုးသမီးအိပ်ဆောင်အတွင်းမှ ဖုန်းများခိုးယူသွားသူအား အရေးယူပေးပါရန် လှည်းကူးမြို့မ ရဲစခန်းတွင် စက်တင်ဘာ ၁၆ ရက်က အမှုဖွင့်တိုင်တန်းထားကြောင်း သိရသည်။

ဩဂုတ် ၂၇ ရက်က လှည်းကူးမြို့နယ် မြို့မရပ်ကွက် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနတွင် သင်တန်းတက်ရောက်နေသည့် အလုပ်သင်ဆရာဝန်တို့၏ အခန်းအတွင်းမှ လက်ကိုင်ဖုန်းနှစ်လုံး၊ လွယ်အိတ်တစ်လုံး၊ လက်ပတ်နာရီတစ်လုံး၊ ငွေကျပ် ၁၀၀၀၀ ခန့်၊ Power Bank တစ်ခုနှင့် ကျောင်းသားကတ်များအား ခိုးယူခံရသဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# ငရုတ်ကောင်းမြို့၌ တောဆင်ရိုင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စပါးခင်းတချို့နှင့် တဲတစ်လုံးပျက်စီး

**ငရုတ်ကောင်း စက်တင်ဘာ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာတွင် တောဆင်ရိုင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အတွင်း စပါးခင်းတချို့နှင့် တဲတစ်လုံး ပျက်စီးသွားကြောင်း သိရသည်။

စက်တင်ဘာ ၁၀ရက်က တောဆင်ရိုင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် ဦးမောင်ရွှေထွန်းပိုင် စပါးခင်း တစ်ကေခန့်နှင့် ဦးသန်းဝင်းပိုင် လယ်မြေရှိ စပါးခင်း ကေဝတ်ခန့် ပျက်စီးသွားခဲ့သည်။ ထို့အတူ စက်တင်ဘာ ၁၄ ရက် ညပိုင်းကလည်း သဲဖြူကျေးရွာအုပ်စု ကနစိုးကုန်းကျေးရွာအနီး ဦးမောင်ဟိန်၏ လယ်တဲလည်း ဝင်ရောက်ဖျက်ဆီးခံခဲ့ရသည်။

အဆိုပါတောဆင်ရိုင်းများအန္တရာယ်ကြောင့် သဲဖြူကျေးရွာအုပ်စုအတွင်းရှိ လယ်ပိုင်ရှင်များမှာ ညပိုင်းတွင် မီးတုတ်များ၊ သံစည်ပိုင်းခွံများတီး၍ ခြောက်လှန့်မောင်းနှင်နေရကြောင်း သဲဖြူကျေးရွာနေ ဦးမောင်ရွှေထွန်းထံမှ သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# (၇၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဘုန်းဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုလွင်တို့ဦးစီးရဲတပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၀၃ ဦးတို့သည် စက်တင်ဘာ ၁၅ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ရပ်ကွက်ရှိ လေးကျွန်းစကြာ မဟာဆုတောင်းပြည့်စေတီတော်ကြီးတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။ ရဲပြန်ကြား

**တောင်ငူ**
ရထားရဲတပ်ဖွဲ့ အမှတ်(၁၀) တပ်ခွဲ တောင်ငူမှ တပ်ခွဲမှူး ဒုတိယရဲမှူး ကျော်နုနှင့် စခန်းမှူး ရဲအုပ်မောင်မောင်တာတို့ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

**မိုးမောက်**
မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွဋ်ထွဋ်အောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်နှင့် ၎င်းတို့၏ မိသားစုဝင်များ စုစုပေါင်း ၇၅ ဦးတို့သည် ယမန်နေ့နံနက်ပိုင်းက လောကမာရဇိန်ဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းနန်းထွေး(ပြန်/ဆက်)**


တနိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်၊ တနိုင်းမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဆန်း ဦးစီးသော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၆ ရက်က တနိုင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်နှင့်အမှိုက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဝါဝါ(တနိုင်း)


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းအေးဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်က အမှတ်(၂၆)ရပ်ကွက်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ၀၀၇

**နေပြည်တော်**
နေပြည်တော်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဇော်မြင့်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၅၀ တို့သည် စက်တင်ဘာ ၁၅ ရက် နံနက်က အမှတ် (၁၀) ရပ်ကွက်ရှိ သမိုင်းဝင် ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီးအတွင်း ဘုရားဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်းနှင့် စေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ အမှိုက်များ၊ သစ်ပင်များနှင့် ချုံနွယ်များအား စုပေါင်းရှင်းလင်းခဲ့ကြသည်။

ယင်းနောက် သံဖြူဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူများအား နံနက်စာအာဟာရအတွက် အလှူငွေကျပ် ၃၀၀၀၀နှင့် ခေါက်ဆွဲခြောက်အထုပ် ၁၈၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်သူဟိဏ်း(နေပြည်တော်)**

# အမေရိကန်တွင် General Motors မော်တော်ကားကုမ္ပဏီမှ လုပ်သားပေါင်း ၄၆၀၀၀ သပိတ်မှောက်

**နယူးယောက် စက်တင်ဘာ ၁၆**

မော်တော်ယာဉ်လုပ်သားများ သမဂ္ဂမှ General Motors ကုမ္ပဏီကို စက်တင်ဘာ ၁၆ ရက်မှစကာ သပိတ်မှောက်ခဲ့ကြောင်း သိရသည်။ အလုပ်သမား ၄၆၀၀၀ ခန့်သည့် စာချုပ်ကိစ္စဆွေးနွေးမှုတွင် ထွက်ပေါက်မရှိဘဲ ချောင်ပိတ်မိနေသည့်အတွက် အလုပ်သို့ မသွားကြဘဲ သပိတ်မှောက်ခဲ့ကြသည်။

ယခုလိုသပိတ်မှောက်ခြင်းသည် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း General Motors ကုမ္ပဏီသည် အဓိက သပိတ်မှောက်ခြင်းဖြင့် ရင်ဆိုင်နေရခြင်းဖြစ်သည်ဟု ဝေါလ်စထရိဂျာနယ်တွင် ဖော်ပြထားသည်။

အလုပ်သမားများနှင့် ချုပ်ဆိုထားသည့် လေးနှစ်သက်တမ်းစာချုပ်မှာ သက်တမ်းကျော်လွန်သွားပြီဖြစ်သော်လည်း နောက်ထပ် သဘောတူညီချက် အစားထိုးမှုများမရှိဘဲ သက်တမ်းကျော်လွန်သွားသည့်အတွက် ယခုလို သပိတ်မှောက်ကြခြင်းဖြစ်သည်။

နိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအတွက် အခြေခံအခွင့်အရေးကို တောင်းဆိုခြင်းပင်ဖြစ်သည်ဟု သမဂ္ဂခေါင်းဆောင် တာရီဒက်တီက ပြောသည်။

သမဂ္ဂခေါင်းဆောင်များနှင့် General Motors ကုမ္ပဏီတို့ သဘောတူစာချုပ်အတွက် ညှိနှိုင်းကြသော်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း၊ လုပ်ခလစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ယာယီလုပ်သားအခြေအနေ၊ အလုပ်အတွက် လုံခြုံစိတ်ချရမှုများမှာ သဘောတူညီမှုများ မရသေးပေ။

၂၀၀၇ ခုနှစ်ကလည်း General Motors သည် ကုမ္ပဏီမှ လုပ်သားပေါင်း ၇၃၀၀၀ တို့က နှစ်ရက်ကြာ အလုပ်မသွားဘဲ ဆန္ဒပြမှုနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။

**အေအက်ဖ်ပီ**



မော်တော်ယာဉ်လုပ်သားများသမဂ္ဂမှ လုပ်သားများ ဆန္ဒပြကြစဉ်။

# ကိုလံဘီယာ၌ လေယာဉ်ငယ်ပျက်ကျမှုဖြစ်ပွားရာ လူခုနစ်ဦး သေဆုံး

**ဘိုဂိုတာ စက်တင်ဘာ ၁၆**

ကိုလံဘီယာနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်း စက်တင်ဘာ ၁၅ ရက် ညနေပိုင်းက ပျက်ကျမှုဖြစ်ပွားခဲ့ရာ လူခုနစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာလေကြောင်း ဦးစီးဌာနမှ ဖော်ပြခဲ့သည်။


လေယာဉ်၏ အပျက်အစီး အစိတ်အပိုင်းများကို တွေ့ရစဉ်။

လေယာဉ်သည် ကော်ကာပြည်နယ် ပိုပါယန်မြို့မှ စတင်ပျံသန်းထွက်ခွာလာပြီးနောက် မိနစ်ပိုင်းအတွင်း စက်ချွတ်ယွင်းမှုကြောင့် လေဆိပ်အနီးရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားချိန်တွင် လေယာဉ်ပေါ်၌ ခရီးသည် ခုနစ်ဦးနှင့် လေယာဉ်အမှုထမ်းနှစ်ဦး လိုက်ပါလာကြောင်း သိရသည်။ ကော်ကာပြည်နယ် အနောက်ပိုင်း Lopezde Micay မြို့သို့ ပျံသန်းလာစဉ် လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှု ဖြစ်ပွားပြီးနောက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ဒဏ်ရာရရှိသူနှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားပြီဖြစ်ကြောင်း သိရသည်။

ယခုပျက်ကျမှုဖြစ်ပွားသည့် PA-31 စီးရီးလေယာဉ်ကို အမေရိကန် Piper ကုမ္ပဏီမှ ထုတ်လုပ်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှ စတင်အသုံးပြုပျံသန်းခဲ့ကာ ၁၉၈၄ ခုနှစ်တွင် ဝယ်လိုအားကျဆင်းမှုကြောင့် ထုတ်လုပ်မှု ရပ်နားခဲ့ရသည်။

**အေအက်ဖ်ပီ**

# စိန်ခေါ်မှုများကြားထဲမှ အာဖဂန်နစ္စတန် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်

**ကဘူးလ် စက်တင်ဘာ ၁၆**

အာဖဂန်နစ္စတန်နိုင်ငံ၌ စက်တင်ဘာ ၂၈ ရက်တွင် သမ္မတရွေးကောက်ပွဲ ပြုလုပ်မည်ဟု သတ်မှတ်ထားရာ ယခုအခါ ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။ တာလီဘန်တို့၏ ခြိမ်းခြောက်မှုများကြားမှ သမ္မတရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ တာလီဘန်တို့သည် အစိုးရ၏ လုပ်ငန်းစဉ်များကို နှောင့်ယှက်ဖျက်ဆီးရန် ကြိုးစားနေသည့်အတွက် ရွေးကောက်ပွဲတွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အာဖဂန် ပြည်ထဲရေးဝန်ကြီးဌာနသည် စက်တင်ဘာ ၁၆ ရက်က အစည်းအဝေး ကျင်းပခဲ့သည်။

ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံသည် အရေးကြီးသည့်ကာလတွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာအစီအမံများ ဆောင်ရွက်နေကြောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် အသင့်ပင်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် အဗ္ဗဒူမော့အင်အဗ္ဗဒူလာဟင်ဇိုင်းက တွစ်တာပေါ်တွင် ရေးသားထားသည်။ မိမိတို့၏ ဦးတည်ချက်မှာ ပြည်သူများ၏ လုံခြုံရေးကို အကာအကွယ်ပေးရန်ပင်ဖြစ်ကြောင်း၊ လုပ်ဖော်ကိုင်ဖက်များသည်လည်း မနေမနားလုပ်ဆောင်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။


အာဖဂန်သမ္မတ အရှရက်ဖ်ဂါနီ ၂၀၁၉ ခုနှစ် ဇူလိုင်လနှောင်းပိုင်းက မဲဆွယ်စည်းရုံးပွဲ ပြုလုပ်စဉ်။

အာဖဂန် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးတပ်သည်လည်း တာလီဘန်များကို ဆန့်ကျင်၍ လုံခြုံရေးအတွက် လုပ်ဆောင်လျက်ရှိသည်။ တာလီဘန်တို့ကမူ ယခုကျင်းပမည့် ရွေးကောက်ပွဲမှာ နယ်ချဲ့တို့က အာဖဂန်မြေပေါ်တွင် ဆက်လက်လှုပ်ရှားနိုင်ရေး ကြိုးပမ်းမှုဖြစ်သည့်အတွက် မဲပေးပွဲသို့မသွားဘဲ သပိတ်မှောက်ကြရန် တိုက်တွန်းထားသည်။

မဲရုံ ၅၃၇၃ ရှိသည့်အနက် အာဖဂန် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ဝင်တို့က မဲရုံ ၄၉၅၂ တွင် လုံခြုံရေးတာဝန်ယူသွားရမည်ဖြစ်ပြီး ကျန်ရှိသည့် မဲရုံ ၄၃၁ ရုံမှာ ဝေးလံခေါင်ဖျားသည့် နေရာများတွင်ရှိပြီး လုံခြုံရေးအခြေအနေအရ ဖွင့်လှစ်နိုင်မည် မဟုတ်ကြောင်း ရွေးကောက်ပွဲ အရာရှိများက ပြောသည်။ ယခုတစ်ကြိမ် ရွေးကောက်ပွဲသည် ၂၀၀၁ ခုနှစ် အမေရိကန်တို့ ကျူးကျော်ခဲ့သည့် အချိန်မှစ၍ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် ရွေးကောက်ပွဲလည်း ဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယတွင် ခရီးသည်တင်ရေယာဉ် နစ်မြုပ်၍ လူ ၁၂ ဦးသေဆုံးပြီး ၂၀ ကျော်ပျောက်ဆုံး

**နယူးဒေလီ စက်တင်ဘာ ၁၆**

အိန္ဒိယနိုင်ငံ တောင်ပိုင်းတွင် ရှုခင်းများကို လှည့်လည်ကြည့်ရှုသည့် ခရီးသည်တင်ရေယာဉ်နစ်မြုပ်မှုကြောင့် လူ ၁၂ ထက်မနည်း သေဆုံးပြီး ၂၀ ကျော် ပျောက်ဆုံးနေသည်ဟု သိရသည်။ အဆိုပါရေယာဉ်သည် ရေယာဉ်အမှုထမ်းများနှင့် ခရီးသည် စုစုပေါင်း လူပေါင်း ၆၀ ခန့်ကို တင်ဆောင်လာသည်။

တောင်ပိုင်းပြည်နယ်ဖြစ်သည့် အန်ဒရာပရာဒေ့ရှ်တွင် စက်တင်ဘာ ၁၅ ရက်က တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ရေယာဉ်ပေါ်မှလူပေါင်း ၂၇ ဦးခန့်မှာ ကယ်တင်ခံရခြင်း သို့မဟုတ် ကမ်းပါးဆီသို့ ရေကူးလာခြင်းတို့ကြောင့် လွတ်မြောက်ခဲ့သည်။ လူ ၁၂ ဦးမှာ သေဆုံးခဲ့ပြီး လူ ၂၀ မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ အဆိုပါရေယာဉ်သည် ဒေသတွင်း ခရီးသွားကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည့်ရေယာဉ် ဖြစ်သည်။

ရေယာဉ်ပေါ်ပါလာသည့် လူများအားလုံးမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသည်။ ရေယာဉ်တိမ်းမှောက်ရသည့်အကြောင်းရင်းကို မသိရပေ။ စက်တင်ဘာ ၁၄ ရက်နေ့တစ်လျှောက်လုံး မိုးရွာသွန်းမှုကြောင့် မြစ်အတွင်းရေတက်လာသည့်အတွက် အခြားသောရေယာဉ်များသည် ပြေးဆွဲခြင်းမပြုဘဲ ရပ်နားထားကြသည်ဟု ဒေသခံမီဒီယာများက ပြောသည်။

ဒေသခံအာဏာပိုင်များသည် ပျောက်ဆုံးနေသည့်လူများကို ဆက်လက်ရှာဖွေနေပြီး သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်သေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အားကစားရုံအတွင်း အမျိုးသမီးများကို ဝင်ခွင့်ပြုရန် အီရန်နိုင်ငံမှ လုပ်ဆောင်လျက်ရှိ

**တီဟီရန် စက်တင်ဘာ ၁၆**

အီရန်နိုင်ငံတွင် အမျိုးသမီးများ အားကစားရုံအတွင်း ဝင်ခွင့်ရပြီး ဘောလုံးနှင့်အခြားသော အားကစားပြိုင်ပွဲများ ကြည့်ရှုခွင့်ရရေးအတွက် အစပျိုးလုပ်ဆောင်နေပြီဟု အီရန်အစိုးရက ပြောသည်။ အီရန်နိုင်ငံတွင် အမျိုးသမီးများမှာ အချို့သော နိုင်ငံတကာအားကစားပြိုင်ပွဲများမှလွဲ၍ ယေဘုယျအားဖြင့် အားကစားပြိုင်ပွဲများတွင် ကြည့်ရှုခွင့်မရဘဲ ပိတ်ပင်ထားခြင်းခံရသည်။

မကြာမီအချိန်အတွင်း အီရန်အမျိုးသမီးများ အားကစားပြိုင်ပွဲများတွင် ကြည့်ရှုခွင့်ရရန် ပြင်ဆင်မှုများလုပ်ဆောင်နေသည်ဟု ပါလီမန်ဒုတိယဥက္ကဋ္ဌ ဟော့စိန်အလီအာမီရီက စက်တင်ဘာ ၁၅ ရက်တွင် နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့သည်။ ပြင်ဆင်မှုများတွင် အမျိုးသမီးများသာဝင်ရမည့် သီးသန့်ဂိတ်များ ဆောက်လုပ်ရန်နှင့် အဓိက အားကစားရုံအတွင်း အမျိုးသမီးများအတွက် သီးခြားနေရာ ခွဲခြားပေးရန်တို့ ပါဝင်သည်။

ယခုလအတွင်း အီရန်အမျိုးသမီးတစ်ဦးသည် ဘောလုံးပြိုင်ပွဲကို ကြည့်ရှုရန် ကြိုးစားမှုဖြင့် ထောင်ဒဏ်ချမှတ်ခံရပြီးနောက် အဆိုပါအမျိုးသမီးသည် မိမိကိုယ်ကိုယ် မီးရှို့သတ်သေခဲ့သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ထိုအချိန်မှစကာ အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသည်။ အဆိုပါ အမျိုးသမီးသည် ဘောလုံးပြိုင်ပွဲသို့ ကြည့်ရှုနိုင်ရေးအတွက် အမျိုးသားတစ်ဦးကဲ့သို့ ဝတ်ဆင်ခဲ့သည်။

အီရန်အစိုးရသည် အမျိုးသမီးများ အားကစားရုံအတွင်း အားကစားပြိုင်ပွဲများကို ကြည့်ရှုခွင့်အမြဲတမ်းပေးထားမည်လား သို့မဟုတ် မည်သည့်အတိုင်းအတာအထိ ကြည့်ရှုခွင့်ပြုမည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရပေ။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ရေနံဈေးကွက်ကို ရိုက်ခတ်သွားစေတဲ့ ဆော်ဒီရေနံစက်ရုံတိုက်ခိုက်မှု

**ကလျာမိုးမြင့်**

**ပြီးခဲ့တဲ့ စက်တင်ဘာ ၁၄ ရက်က ဆော်ဒီရေနံသန့်စင်စက်ရုံနှစ်ခုကို ဒရုန်းဖြင့် တိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့ပြီး ဒီကိစ္စက ဆော်ဒီရဲ့ ရေနံထုတ်လုပ်မှုကို အတော်လေး အထိနာစေခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အဲဒီ ဒရုန်းတိုက်ခိုက်မှုနောက်ကွယ်မှာ အီရန်ကြိုးကိုင်ခဲ့တယ်လို့ စွပ်စွဲခဲ့ပြီး အီရန်ကတော့ အဲဒီ စွပ်စွဲချက်ဟာ အမေရိကန်က မဟုတ်မမှန် လုပ်ကြံပြောဆိုနေခြင်းသာ ဖြစ်တယ်လို့ တုံ့ပြန်ပြောကြားလိုက်ပါတယ်။**



ဆော်ဒီရေနံသန့်စင်စက်ရုံ တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေစဉ်။

### ထက်ဝက်လျော့ကျ

ဆော်ဒီအာရေဗျက စနေနေ့က ရေနံသန့်စင်စက်ရုံ တိုက်ခိုက်ခံရမှုကြောင့် ဆော်ဒီရဲ့ရေနံစိမ်းထုတ်လုပ်မှုဟာ ထက်ဝက်လောက်လျော့ကျသွားခဲ့ပြီး တစ်ရက်မှာ ရေနံစည်ပေါင်း ၅ ဒသမ ၇ သန်းသာ ထုတ်လုပ်နိုင်တော့တယ်လို့ ဆိုပါတယ်။ ဒီအချိန်မှာ စောင့်ကြည့်မျက်လုံးတွေ အားလုံးဟာ တနင်္လာနေ့ ဆော်ဒီဈေးကွက်ပြန်ဖွင့်ချိန်ကို အာရုံစိုက်နေခဲ့ကြပြီး ကျွမ်းကျင်သူတွေကတော့ဖြင့် ရေနံဈေး သိသိသာသာ တက်တော့မယ်လို့ ခန့်မှန်းခဲ့ကြပါတယ်။ ထင်ထားတဲ့အတိုင်းပါပဲ။ ရေနံစက်ရုံတိုက်ခိုက်ခံခဲ့ရပြီးချိန်မှာ ကမ္ဘာ့ရေနံ ဈေးကွက်ဟာ ၂၀ ရာခိုင်နှုန်းနီးပါးလောက်ကို ထိုးတက်သွားခဲ့ပါတယ်။

### အထိနာကြမယ့် ယာဉ်မောင်းသူများ

ဈေးကွက်ကျွမ်းကျင်သူတွေက ရေနံဈေးမြင့်တက်မှုကြောင့် လာမယ့်ရက်တွေအတွင်းမှာ အမေရိကန်က ကားသုံးစွဲသူတွေ အဲဒီအကျိုးဆက်ကို ခံစားရဖွယ်ရှိတယ်လို့ သတိပေးခဲ့ပါတယ်။ အထူးသဖြင့် အထိအနာဆုံးဖြစ်နိုင်တာကတော့ ကယ်လီဖိုးနီးယားပြည်နယ်က ကားသုံးစွဲသူတွေဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကယ်လီဖိုးနီးယားဟာ တခြားဒေသတွေထက် ဆော်ဒီရေနံတင်ပို့မှုအပေါ်မှာ ပိုပြီးမှီခိုအားထားနေရတာကြောင့်ဖြစ်တယ်လို့ ကြိုတင်သုံးသပ်တွက်ချက်ခဲ့ကြပါတယ်။

### အမြင့်ဆုံးရေနံဈေးတက်မှု

စက်တင်ဘာ ၁၅ ရက် ညနေပိုင်းမှာ နယူးယောက်ဈေးကွက်ဖွင့်လိုက်ချိန် ရေနံစိမ်းဈေးနှုန်းဟာ ၁၉ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၉၅ (ယူရိုဒေါ်လာ ၅၇ ဒသမ ၅၈) ရှိခဲ့ပြီး ဒီနှုန်းထားဟာ ပြီးခဲ့တဲ့ မေလကစပြီး အမြင့်ဆုံးဈေးနှုန်းဖြစ်သလို ၂၈ နှစ်အတွင်း ရေနံဈေးနှုန်းအမြင့်ဆုံးခုန်တက်ခဲ့မှုလည်း ဖြစ်ပါတယ်။ အဲဒီလိုခုန်တက်ခဲ့ရာက ၁၃ ရာခိုင်နှုန်းမှာ တည်ငြိမ်နေပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၀၆ မှာ တန့်နေခဲ့ပါတယ်။

တိုက်ခိုက်ခံလိုက်ရတဲ့ ရေနံသန့်စင်စက်ရုံနှစ်ခုဟာဆိုရင် ကမ္ဘာ့ရေနံထုတ်လုပ်မှုရဲ့ ၆ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေတာဖြစ်ပြီး ဆော်ဒီရေနံထုတ်လုပ်မှုရဲ့ထက်ဝက်ကိုလည်း အဲဒီစက်ရုံတွေက ထုတ်လုပ်ပေးနေတာဖြစ်လို့ စက်ရုံတွေ တိုက်ခိုက်ခံရမှုဟာ ရေနံထုတ်လုပ်မှုကို ထက်ဝက်လျော့ကျသွားစေတဲ့အထိ အထိနာစေခဲ့ပါတယ်။

### အစားထိုးမယ်

ကွာဟသွားတဲ့ ထုတ်လုပ်မှုနေရာမှာ သီးသန့်ဖယ်ထုတ်သိမ်းဆည်းထားတဲ့ ရေနံတွေနဲ့ အစားထိုးမယ်လို့ ဆော်ဒီအာရေဗျက ကတိပေးခဲ့ပေမယ့် နိုင်ငံပိုင် Aramco ကုမ္ပဏီက ထိခိုက်ပျက်စီးသွားတာတွေကို ပြန်လည်ပြုပြင်ဖို့ ရက်သတ္တပတ်ပေါင်းများစွာ ကြာမြင့်နိုင်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဆော်ဒီအာဏာပိုင်တစ်ဦးက ဝေါစထရိဂျာနယ်ရဲ့မေးမြန်းမှုကို ဖြေကြားခဲ့ရာမှာ ရေနံထုတ်လုပ်မှုရဲ့ သုံးပုံတစ်ပုံကို ပြန်ရရှိကောင်းရနိုင်တယ်လို့ ဆိုပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လိုအပ်လာရင် လူဝီစီယားနားနဲ့ တက္ကဆက်ပြည်နယ်တွေမှာ သိုလှောင်သိမ်းဆည်းထားတဲ့ အမေရိကန်ရဲ့အရေးပေါ် လောင်စာစည်ပေါင်း သန်း ၆၄၀ထဲကနေ ခွဲဝေပေးရလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။

### အထောက်အထားတွေရှိ

ဗုံးခွဲတိုက်ခိုက်မှုကတော့ ဒေသတွင်းတင်းမာမှုတွေကို အတော်လေးအရှိန်မြင်းလာစေခဲ့ပါတယ်။ ပြီးတော့ ဒီကိစ္စမှာ အီရန်တာဝန်ရှိတယ်လို့ စွပ်စွဲနိုင်လောက်အောင် ခိုင်လုံတဲ့အထောက်အထားတွေ အမေရိကန်ဆီမှာရှိတယ်လို့လည်း သမ္မတထရမ့်က ဆိုထားပါတယ်။

ပြီးတော့ စက်ရုံတွေကို တိုက်ခိုက်ခဲ့တယ်လို့ ယူဆရတဲ့သူတွေနဲ့ ပတ်သက်ပြီးတော့ ဆော်ဒီဘက်က အသံကို ကြားရဖို့ စောင့်ဆိုင်းနေတယ်။ အီရန်နဲ့ တွေ့ဆုံဖို့ကတော့ ဆန္ဒမရှိဘူးလို့ တွစ်တာပေါ်မှာ ထရမ့်က ရေးသားခဲ့ပါတယ်။ ဂြိုဟ်တုကနေ ဖမ်းယူထားတဲ့ ပုံရိပ်တွေနဲ့ တခြားထောက်လှမ်းမှု အချက်အလက်တွေအရ တိုက်ခိုက်မှုဟာ ဟူသီသူပုန်တွေ အခြေစိုက်ရာဖြစ်တဲ့ ယီမင်ကနေ လုပ်ဆောင်ခဲ့တဲ့ တိုက်ခိုက်မှုလို့ ဖော်ပြဖို့ ကိုက်ညီမှုမရှိဘူးလို့ အမေရိကန်အကြီးတန်းအာဏာပိုင်တွေက ဆိုပါတယ်။

### မဟာမိတ်တွေနဲ့ ပူးပေါင်းမယ်

အာဏာပိုင်တွေရဲ့ အပြောအရ ပုံရိပ်တွေမှာ ဆော်ဒီရေနံသန့်စင်စက်ရုံတွေကို တိုက်ခိုက်မှုဟာ ယီမင်ကလာတယ်ဆိုတာထက် အီရန်နဲ့ အီရတ်ဆီကနေလာတာပိုပြီးဖြစ်ဖို့ များတယ်ဆိုတာကို ဖော်ပြနေတယ်လို့ သိရပါတယ်။ အီရန်ကတော့ အမေရိကန်ရဲ့ စွပ်စွဲချက်တွေဟာ အလိမ်အညာတွေချည်းပဲလို့ ဆိုခဲ့ပါတယ်။

အမေရိကန်အနေနဲ့ အီရန်ရဲ့ ကျူးကျော်ရန်စမှုဖြစ်တယ်ဆိုတာ ခိုင်မာသေချာစေဖို့ မဟာမိတ်တွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်သွားမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့ပါတယ်။

### အကြိမ်ကြိမ်စွပ်စွဲ၊ အကြိမ်ကြိမ်ငြင်းဆန်

ပြီးခဲ့တဲ့ ဇွန်လနဲ့ ဇူလိုင်လတွေမှာ ပင်လယ်ကွေ့ဒေသအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရမှုနဲ့ မေလအတွင်းမှာ နောက်ထပ်ရေနံတင်သင်္ဘောလေးစင်း တိုက်ခိုက်ခံရမှုမှာလည်း အမေရိကန်က အီရန်ကိုပဲ ပြစ်တင်စွပ်စွဲခဲ့ပါတယ်။ စွပ်စွဲချက်တိုင်းကိုလည်း အီရန်က ငြင်းဆန်ခဲ့တာချည်းပါပဲ။ အကယ်၍သာ ဟူသီသူပုန်တွေက ဒရုန်းယာဉ်တွေကို ယီမင်ကနေ ဖြန့်ကြက်ခဲ့မယ်ဆိုရင် ဒရုန်းယာဉ်တွေဟာ မိုင်ပေါင်းများစွာ အကွာအဝေးကနေ ပျံသန်းလာရမှာ ဖြစ်ပါတယ်။

### ကုလသမဂ္ဂ စုံစမ်းစစ်ဆေး

ယီမင်နယ်စပ်မှာရှိတဲ့ အနီးဆုံးအမှတ်ကနေ အနီးဆုံးပစ်မှတ်ဖြစ်တဲ့ ခူရိုင်စ်ရေနံသန့်စင်စက်ရုံအထိ အကွာအဝေးဟာ ၇၇၀ ကီလိုမီတာရှိပြီး ဟူသီတို့ရဲ့ ပုံမှန်တိုက်ခိုက်ရေး ဒရုန်းယာဉ်ဖြစ်တဲ့ ကွာတက်ဖ် ၁ ရဲ့ရောက်ရှိနိုင်တဲ့ အကွာအဝေးကို ကျော်လွန်နေတယ်လို့ သိရပါတယ်။ သို့သော်လည်း ဒီကိစ္စမှာ ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူတွေက ၁၅၀၀ ကီလိုမီတာအထိ ရောက်ရှိနိုင်တဲ့ UAV-X ဒရုန်းယာဉ်အသစ်တစ်စင်း ဟူသီသူပုန်အဖွဲ့ဆီမှာ ရှိတယ်ဆိုတဲ့ အချက်ကို ထောက်ပြခဲ့ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဝေါစထရိဂျာနယ်က ဒီတိုက်ခိုက်မှုမှာ အီရန်သို့မဟုတ် အီရတ်မှာရှိတဲ့ အီရန်ရဲ့ရှီးယိုက်မဟာမိတ်တွေက ဒရုန်းယာဉ်တွေသုံးတာထက် ခရုဇ်ဒုံးကျည်တွေသုံးပြီး မြောက်ဘက်ကနေ တိုက်ခိုက်ခဲ့တာဟုတ် မဟုတ် ကျွမ်းကျင်သူတွေက စုံစမ်းစစ်ဆေးနေပြီး အကယ်၍သာ ဟုတ်မှန်ခဲ့ရင် ၎င်းတို့ဟာ ရှာဖွေစုံစမ်းမှုကနေ လွတ်နိုင်ဖွယ် မရှိဘူးလို့ ဖော်ပြထားပါတယ်။

### တိုက်ခိုက်မှုရဲ့အကျိုးဆက်

ယီမင်နိုင်ငံမှာ သမ္မတ မန်ဆောဟာဒီကို ဟူသီသူပုန်တွေက မြို့တော်ဆာနားကနေ မောင်းထုတ်လိုက်တဲ့ ၂၀၁၅ ခုနှစ်ကစပြီး နိုင်ငံဟာ ပြည်တွင်းစစ်ထဲကို ရောက်ရှိခဲ့ရပါတယ်။ ပြည်ပြေးသမ္မတ မန်ဆောဟာဒီကို ဆော်ဒီက ကျောထောက်နောက်ခံပေးထားပြီး ဟူသီသူပုန်အဖွဲ့ကို တိုက်ခိုက်ဖို့ ဒေသတွင်းနိုင်ငံတွေပါဝင်တဲ့ မဟာမိတ်အဖွဲ့ကိုလည်း ဆော်ဒီက ဦးဆောင်ခဲ့ပါတယ်။ ဒါဟာ ဆော်ဒီရေနံသန့်စင်စက်ရုံကို ဟူသီသူပုန်တွေက တိုက်ခိုက်မှုလုပ်ဆောင်တာဖြစ်နိုင်တယ်လို့ တွေးထင်စေတဲ့အချက်တစ်ချက်ပါပဲ။

ဆော်ဒီမဟာမိတ်အဖွဲ့ဟာ နေ့စဉ်နဲ့အမျှ လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်နေပြီး ဟူသီသူပုန်တွေဟာလည်း ဆော်ဒီအာရေဗျဆီကို ဒုံးကျည်ပစ်ခတ်မှုတွေ တောက်လျှောက်လုပ်ဆောင်နေပါတယ်။ ဘယ်လိုအကြောင်းတွေကြောင့် တိုက်ခိုက်နေကြသည်ဖြစ်စေ လတ်တလောမှာတော့ ရေနံသန့်စင် စက်ရုံတိုက်ခိုက်ခံရမှုရဲ့ နောက်ဆက်တွဲရိုက်ခတ်မှုကတော့ ရေနံဈေးတစ်ဟုန်ထိုး မြင့်တက်သွားတာပါပဲ။ ။

**ကိုးကား-အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုများ

### အာတိတ်ဒေသ၌ ရုရှားအက်စ် ၄၀၀ ဒုံးခွင်းစနစ်ဖြန့်ကြက်

**မော်စကို စက်တင်ဘာ ၁၆**

အာတိတ်ဒေသ၌ စစ်ရေးအရတည်ရှိမှုကို တိုးမြှင့်ရန်ကြိုးပမ်းနေသည့် ရုရှားသည် နိုဗာယာဇမ်လျာကျွန်းစု၌ အက်စ်၄၀၀ ဒုံးခွင်းစနစ်များကို ဖြန့်ကြက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

အက်စ် ၄၀၀ ဒုံးခွင်းစနစ်သည် ကမ္ဘာ့နည်းပညာအမြင့်ဆုံး ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုအနက် တစ်ခုဖြစ်ပြီး ကီလိုမီတာ ၄၀၀နှင့် အထက်တွင်ရှိသည့် ရန်သူ့ပစ်မှတ်များကို ထိမှန်နိုင်ကြောင်း သိရသည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်း ရုရှားသည် အာတိတ်ဒေသရှိ ၎င်း၏ စစ်ဘက်အခြေခံအဆောက်အအုံများကို သိသိသာသာ အဆင့်မြှင့်တင်ခဲ့သည်။

ရုရှားသည် မဟာဗျူဟာအရ အရေးပါပြီး တွင်းထွက်သယံဇာတကြွယ်ဝသည့် အာတိတ်ဒေသကို ထိပ်တန်းဦးစားပေးစာရင်းတွင် ထည့်သွင်းခဲ့ပြီး မိမိနိုင်ငံကို အာတိတ်ဒေသနိုင်ငံတစ်ခုအဖြစ် သွတ်သွင်းရန် ပိုမိုအလေးပေးလာခဲ့သည်။

**အေအက်ဖ်ပီ**

### တရုတ်ကင်းလှည့် သင်္ဘောလေးစင်း ဂျပန်ရေပိုင်နက်ထဲသို့ ဝင်ရောက်

**တိုကျို စက်တင်ဘာ ၁၆**

အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆန်ကာကူကျွန်းအနီး ဂျပန်ရေပိုင်နက်ထဲသို့ တရုတ်ကင်းလှည့်သင်္ဘော လေးစင်း ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ အဆိုပါသင်္ဘောများသည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီဝန်းကျင်ခန့်တွင် အူအိုဆူရိကျွန်း ရေပိုင်နက်ထဲသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က သတင်းပေးပို့ခဲ့သည်။

ဂျပန်ရေပိုင်နက်ထဲသို့ ဝင်ရောက်လာသော အဆိုပါသင်္ဘောလေးစင်းကို ချက်ချင်းထွက်ခွာသွားရန် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က သတိပေးခဲ့သည်။ တရုတ်သင်္ဘောလေးစင်းသည် အဆိုပါကျွန်းအနီး ရေပိုင်နက်ထဲတွင် တစ်နာရီခွဲခန့်ကြာအောင် ခုတ်မောင်းနေခဲ့ပြီး ညနေပိုင်းတွင် ဂျပန်ရေပိုင်နက်အတွင်းမှ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၂၉ ရက်က တရုတ်ကင်းလှည့်သင်္ဘောများသည် ဆန်ကာကူကျွန်း ရေပိုင်နက်ထဲသို့ နောက်ဆုံးဝင်ရောက်ခဲ့သည်။ ဆန်ကာကူကျွန်းကို ဂျပန်နိုင်ငံက ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်လာသည်ဟုဆိုကာ ထိန်းချုပ်ထားပြီး တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)ကလည်း ၎င်းတို့ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

## ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် "၃၂ နှစ်ကြာ အောင်မြင်မှု အိုဇုန်းလွှာက သက်သေပြု" ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မြို့တော်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကမ္ဘာ့လေထု အတွင်းရှိ အိုဇုန်းလွှာဟာ လူသားတွေနဲ့ သက်ရှိတွေကို အင်မတန်အန္တရာယ်ဖြစ်စေနိုင်တဲ့ နေရောင်ခြည်နဲ့အတူ ပါလာတဲ့ ခရမ်းလွန်ရောင်ခြည် (UV-B) နဲ့ (UV- C ) ကို စုပ်ယူပြီး ကမ္ဘာ့မြေပေါ် မကျရောက်အောင် ထီးသဖွယ် ကာကွယ်ပေးထားတဲ့အတွက် ကျွန်တော်တို့ သက်ရှိလောကအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကာအကွယ် တစ်ခုဖြစ်ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေ သုံးစွဲမှုကို တားဆီးထိန်းချုပ်ဖို့ အိုဇုန်းလွှာပျက်စီးတဲ့ ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်း အမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်စွဲနဲ့ ထုတ်ပြန်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်တွေရဲ့ပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်လျက်ရှိသလို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်တို့ ပူးပေါင်းပြီး ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် သုံးစွဲမှုလျှော့ချရေး စီမံခန့်ခွဲမှုလုပ်ငန်း စီမံကိန်းကို ၂၀၁၃ ခုနှစ်ကစပြီး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်ပေးစဉ်။

## ကယားပြည်နယ်

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က လွိုင်ကော်မြို့ နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနား ကျင်းပလျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသော သက်ရှိအားလုံးအတွက် မရှိမဖြစ် အရေးကြီးဆုံး အိုဇုန်းလွှာသည် အအေးပေးစက်ပစ္စည်းများတွင် အသုံးပြုသော ဓာတုပစ္စည်းကြောင့် ပျက်စီးကြောင်းကို ၁၉၇၄ ခုနှစ်က စတင်လေ့လာတွေ့ရှိခဲ့ကြောင်း၊ အိုဇုန်းလွှာဆိုသည်မှာ ကမ္ဘာ့လေထုလွှာအထက်မှ နေရောင်ခြည်ထဲတွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူကာကွယ်ပေးနေခြင်းဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲလာမှု အန္တရာယ်များမှ အိုဇုန်းလွှာက ကာကွယ်ပေးထားကြောင်း၊ ယင်းအိုဇုန်းလွှာ ပေါက်ပြဲလာမှုကို ကမ္ဘာ့နိုင်ငံများက ဆွေးနွေးညှိနှိုင်းကာကွယ် ထိန်းသိမ်းလာခဲ့သည်မှာ ၃၂ နှစ်ရှိပြီဖြစ်၍ တစ်စတစ်စပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့အိုဇုန်းလွှာနေ့ အခမ်းအနားများကို ကျင်းပလာခဲ့ကြောင်း၊ ကမ္ဘာ့အိုဇုန်းလွှာနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် သစ်ပင်စိုက်ပျိုးပေးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းကာကွယ်ပေးကြ၍ အိုဇုန်းလွှာပျက်စီးမှုကို ဖြစ်စေသည့် ဓာတုဗေဒပါဝင်သော အအေးပေးစက်ပစ္စည်း အသုံးပြုမှုများကို လျှော့ချ၍ ထိန်းသိမ်းကာကွယ်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် လွိုင်ကော်မြို့နှင့် ဒီးမော့ဆိုမြို့မှ ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ခဲ့ကြသည်။

**လွိုင်ကော်သား**

## မွန်ပြည်နယ်

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မော်လမြိုင်မြို့ပြည်နယ်ခန်းမ၌ ကျင်းပသည်။




ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်ပေးနေစဉ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "အိုဇုန်းလွှာဟာ ဘေးအန္တရာယ်ရှိတဲ့ ခရမ်းလွန်ရောင်ခြည်လှိုင်းတွေကို ကမ္ဘာပေါ်သို့ တိုက်ရိုက်မကျရောက်အောင် ခရမ်းလွန်ရောင်ခြည် ၉၉ ရာခိုင်နှုန်းကို စုပ်ယူပေးတဲ့ သဘာဝအကာအရံတစ်ခု ဖြစ်တဲ့အတွက် သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အိုဇုန်းလွှာပျက်စီးမှုကြောင့် လူသားတွေရဲ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲမှု၊ ခုခံအားကျဆင်းမှုတွေနဲ့ သီးနှံအထွက်ကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ် ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းတွေ ယိုယွင်းပျက်စီးမှုတွေကို ဖြစ်ပေါ်စေပါတယ်။ အိုဇုန်းလွှာကို ပျက်စီးစေတဲ့ ဒြပ်ပစ္စည်းတွေကို အသုံးပြုမှုကို တားမြစ်ပိတ်ပင်တာနဲ့ ဆက်စပ်ပစ္စည်းတွေကို လျှော့ချတာဟာ နောင်လာနောက်သားတွေအတွက် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်မှုကို အထောက်အပံ့ပေးနိုင်ရုံသာမက ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ကျော်လွှားရန်အတွက် သိသာထင်ရှားတဲ့ ကမ္ဘာ့တွန်းအားပေးမှုတွေလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေး ဗီဒီယိုကို ပြသခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်

၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "32 Years and Healing" မြန်မာဘာသာဖြင့် "၃၂နှစ်ကြာ အောင်မြင်မှု အိုဇုန်းလွှာကသက်သေပြု"ဖြစ်ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို ထပ်မံချုပ်ဆိုနိုင်ခဲ့၍ စာချုပ်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၇ နိုင်ငံက လက်မှတ်ရေးထိုးကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ထရီယယ်သဘောတူညီချက်တွင် ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဓာတုပစ္စည်းများ၏ ၉၉ ရာခိုင်နှုန်းကို လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အဓိကလိုက်နာရမည့် ကတိကဝတ် သုံးခုရှိကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသည့် ပစ္စည်းများအသုံးပြုမှု ရပ်တန့်ခြင်းနှင့် ဖျက်သိမ်းခြင်း၊ ထုတ်လုပ်မှုနှင့်သုံးစွဲနေမှုများ ထိန်းချုပ်ရေးနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ထုတ်လုပ်အသုံးပြုမှုနှင့်ပတ်သက်သည့် အချက်အလက်များကို နှစ်စဉ်အစီရင်ခံရန်တို့ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများကို သုံးစွဲမည့်အစား အိုဇုန်းလွှာကိုမထိခိုက်စေသော ပစ္စည်းများ အစားထိုးသုံးစွဲခြင်းနှင့် လျှော့ချသုံးစွဲခြင်းအားဖြင့် ကမ္ဘာ့အပူချိန်ကို လျော့ကျစေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဉာဏ်စမ်းအဖြေလွှာများ ပြန်လည်လက်ခံသိမ်းဆည်းပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုပြသကာ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် သက်ဆိုင်သော ပတ်ဝန်းကျင်ဆိုင်ရာဉာဏ်စမ်းပဟေဠိအဖြေများပြသ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ခန်းမအတွင်း ခင်းကျင်းပြသ ထားသောပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုစဉ်။

# မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်းစာတမ်း မိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ်သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း စာတမ်းမိတ်ဆက်ဖြန့်ဝေခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Royal Naypyitaw ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်သည် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ ကြုံတွေ့နေရသော မသန်စွမ်းမှုဆိုင်ရာ အတားအဆီးများ၊ ခွဲခြားဆက်ဆံခံရမှုများနှင့် အကျုံးဝင်ပါဝင်ခြင်းဆိုင်ရာ အတွေ့အကြုံများကို အခြေခံလျက် နိုင်ငံသား မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်းစာတမ်းကို ပြုစုရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက် (၄)ရပ်ဖြစ်သည့် မသန်စွမ်းသူများကြုံတွေ့နေရသော အလုပ်အကိုင်ရှာဖွေရာတွင် ခွဲခြားဆက်ဆံခံရမှုများ၊ အတားအဆီးများနှင့် အကျုံးဝင်ပါဝင်နိုင်ရေးအတွက် လိုအပ်ချက်များကို လေ့လာဆန်းစစ်နိုင်ရန်၊ မသန်စွမ်းသူများ၏ အတွေ့အကြုံအခြေပြုသုတေသနစစ်တမ်းများကောက်ယူခြင်းဖြင့် ခိုင်မာသော သက်သေအထောက်အထားများ ထွက်ပေါ်လာစေရန်၊ မသန်စွမ်းသူများ ကြုံတွေ့နေရသည့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ အခက်အခဲများအတွက် အကြံပြုချက်များဖော်ထုတ်နိုင်ခြင်းဖြင့် နောင်ပြုလုပ်မည့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်များကို ပိုမိုအထောက်အကူပေးနိုင်စေရန်၊ ကောက်ယူရရှိသော အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်သည့် သုတေသနစစ်တမ်းများကိုအခြေခံလျက် အစိုးရအပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီး၌ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်ပြီး သက်သေအထောက်အထားများနှင့်တကွ အရေးဆိုတင်ပြတောင်းဆိုခြင်း ပြုလုပ်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် စာတမ်းကို ပြုစုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။



**မြန်မာနိုင်ငံ မသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း စာတမ်းမိတ်ဆက်ဖြန့်ဝေခြင်း အခမ်းအနားကျင်းပစဉ်။**

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းအပေါ်သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း စာတမ်းပြုစုရခြင်း၏ အကြောင်းအရင်းများကိုလည်းကောင်း၊ ပါမောက္ခ ဒေါက်တာခင်မေသန်း (ငြိမ်း-စာရင်းအင်းပညာဌာန)က စာတမ်းပြုစုရာတွင် လုပ်ဆောင်ခဲ့သည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ရွှေကုက္ကို**

## မန္တလေး၌ ကျင်းပမည့်ပွဲများ

### Inclusive Business and Policy Dialogue on Private Sector Develop အလုပ်ရုံဆွေးနွေး

Inclusive Business and Policy Dialogue on Private Sector Develop အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ Mercure Mandalay Hill Resort ဟိုတယ်၌ စက်တင်ဘာ ၂၀ ရက်နံနက် ၈ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အသည်း၊ ကျောက်ကပ်၊ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီးများ တွေ့ဆုံပွဲ

အသည်း၊ ကျောက်ကပ်၊ ကင်ဆာရောဂါ အထူးကုဆရာဝန်ကြီးများ တွေ့ဆုံပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈လမ်းရှိ Wilson Hotel ၌ စက်တင်ဘာ ၂၀ ရက် ညနေ ၄ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အမှိုက်ကောက်အသိပညာပေးလှုပ်ရှားမှု

ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ် အမှိုက်ကောက်အသိပညာပေးလှုပ်ရှားမှုကို မန္တလေးမြို့ရှိ (စ)ရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်နှင့် မြရည်နန္ဒာရပ်ကွက်တို့၌ စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အသက် ၆၀ နှစ်နှင့်အထက် စန္ဒရားဆရာများအား ဆရာကန်တော့ပွဲ

မန္တလေးမြို့တွင်ရှိသော စန္ဒရားဆရာများစုပေါင်း၍ တတိယအကြိမ် အသက် ၆၀ နှစ်နှင့်အထက် စန္ဒရားဆရာများအား ဆရာကန်တော့ပွဲ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပန်တျာကျောင်းရှိ စန္ဒရားသင်တန်းခန်းမ၌ စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်နှင့်လားရှိုးမြို့တို့၌ နေထိုင်သော စန္ဒရားဆရာကြီးများအား ဆရာကန်တော့ပွဲ ကျင်းပသွားမည်ဖြစ်သည်။

### တရုတ်ရုပ်ရှင်ပွဲတော်

မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ တရုတ်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်း၊ မနော်ဟရီလမ်းနှင့် ခိုင်ရွှေဝါလမ်းကြား၊ မင်္ဂလာစင်ထရယ်ပွိုင့်တွင် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါရုပ်ရှင်ပွဲတော်ကာလအတွင်း ဇာတ်ကားများ နေ့စဉ်ညနေ ၆ နာရီ ခွဲ တစ်ပွဲတည်းသာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### လှေဦးတိုက်ပွဲ၊ ရေစာကျွေးပွဲနှင့် ငှက်လှေပြိုင်ပွဲ

ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရားတွင် လှေဦးတိုက်ပွဲ၊ ရေစာကျွေးပွဲနှင့် ငှက်လှေပြိုင်ပွဲကို မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာရှိ ရွှေကြက်ယက်၊ရွှေကြက်ကျာဘုရား ခြေတော်ရင်း၌ စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ''Myanmar-China Express'' Cross Border Financial, Service အလုပ်ရုံဆွေးနွေး

''Myanmar-China Express'' Cross Border Financial, Service အလုပ်ရုံ ဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ရုပ်သံတည်းဖြတ်သင်တန်း

အခမဲ့ပညာဒါနအဖြစ် ရုပ်သံတည်းဖြတ်သင်တန်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၉ လမ်းထောင့်ရှိ SUN Photo & Video တွင် အောက်တိုဘာ ၁ ရက် မှ ၃၀ ရက်အထိ နေ့စဉ် ည ၇ နာရီ မှ ၉ နာရီအထိ တစ်လကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

### အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အခြေခံသင်တန်း

(၅)ကြိမ်မြောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အခြေခံသင်တန်းကို ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအသိ ဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းက စက်တင်ဘာ ၂၁ ရက်တွင် ကမ္ဘာအေးစေတီလမ်း ဂမုန်းပွင့်ကုန်တိုက်ရှိ မြန်မာနိုင်ငံအလှကုန်အသင်း၏ သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်သည်။

**သတင်းစဉ်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၂၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၈၀/၈၂၀ ကျပ် | ၈၅၀/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၁ · ၆ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၃ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၃ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၀ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၄ · ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ · ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ · ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ · ၁၅၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၁၆-၉-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၄၁၂၆ | ၄၈၇၃၆၅၀၀ |
| MTSH | ၄၅၀၀ | ၄၅၀၀ | ၅၆၆၃ | ၂၅၄၈၃၅၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၅ | ၄၁၀၀၀ |
| FPB | ၂၅၅၀၀ | ၂၅၀၀၀ | ၇၈၀ | ၁၉၅၅၄၀၀၀ |
| TMH | ၃၁၀၀ | ၃၀၅၀ | ၃၂၄၇ | ၉၉၄၄၆၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အေးချမ်းပျော်ရွှင် တူယှဉ်ခဲ့ မြို့ရွှေကျင်၏ မီးမျှောပူဇော်ပွဲ

**သတင်းဆောင်းပါး - ရဲသိန်းနှင့် ရန်အောင်ထွန်း**



ယမန်နှစ်က ရွှေကျင်မီးမျှောပူဇော်ပွဲ ကျင်းပနေသည့်မြင်ကွင်း

မိုးအကုန် ဆောင်းအကူး စပ်ကူးမကူး ကာလ ဝါလကင်းလွတ် သီတင်းကျွတ် အချိန်အခါတွင် နှစ်စဉ် ရိုးရာမပျက် ကျင်းပလေ့ရှိသည်ကား ဒေသတွင်း၌ သာမက မြန်မာနိုင်ငံအရပ်ရပ်သို့ ပျံ့နှံ့ ကျော်ကြားသည့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ သီတင်းကျွတ် မီးမျှော ပွဲတော်ကြီးပင်ဖြစ်သည်။

**(၁၆၈)ကြိမ် တိုင်ခဲ့ပြီ**

ကုန်းဘောင်ခေတ် နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှော ပူဇော်ပွဲသည် မြတ်စွာဘုရားအား အမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်စူးပြီး နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် နေ့တိုင်းတွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံ မီးကြာခွက်များကို ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ကာ ခေတ်အဆက်ဆက် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် (၁၆၈)ကြိမ် တိုင်ခဲ့ပြီဟု သမိုင်းမှတ်တမ်းများအရ သိရသည်။

**ကုန်းပွဲ၊ ရေပွဲများ**

ရွှေကျင်မြို့၏ ယခုနှစ် သီတင်းကျွတ် မီးမျှောပူဇော်ပွဲကို သီတင်းကျွတ် လဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၆ ရက်မှ ၁၅ ရက်) အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် ကျင်းပမည်ဖြစ်ကာ ရိုးရာအစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် တာဝန်ရှိသူများက စီစဉ်လျက်ရှိကြောင်း ကြားသိရသည်။

အစဉ်အလာအားဖြင့် ရွှေကျင် သီတင်းကျွတ် မီးမျှောပူဇော်ပွဲကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ ရက် သတ်မှတ်ထားသည့် မင်္ဂလာအချိန်မှ စတင်ကျင်းပသည်။ မီးမျှောပူဇော်ပွဲ မတိုင်မီ သီတင်းကျွတ်လဆန်း ၁၂ ရက်အထိ ရွှေကျင်မြို့ လေးထပ်ကျောင်း ဓမ္မာရုံကြီး၌ ရှင်ဥပဂုတ္တ မထေရ်မြတ်အား အမှူးထား၍ သံဃာတော်များအား ရွှေကျင်မြို့သူမြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်ရက်တွင် ရှင်ဥပဂုတ္တမထေရ် ရုပ်ပွားတော်ကို ရွှေကျင်မြို့အတွင်း၌ လှည့်လည်အပူဇော်ခံကြသည်။

ထို့နောက် ရုပ်ပွားတော်ကို ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်၍ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားပူဇော်မည်ဖြစ်သည်။ ယင်းအခါသမယမှ စတင်၍ ရွှေကျင်မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော် စတင်ပြီဖြစ်ပြီး ရွှေကျင်မြို့သည် လှုပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာ နေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံလျက် ကျင်းပနေကြသည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။

**ယိမ်းပြိုင်ပွဲနှင့် မီးမျှောပွဲ**

ထို့နောက် သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက် တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓ ဘုရားကြီး၌ နံနက်အရုဏ်တက်ချိန်မှစတင်၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများက ဆွမ်းတော်ကြီးတင်လှူပွဲကို ကျင်းပကြဦးမည်ဖြစ်သည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင်မူ နံနက်ခင်း အလင်းရောင်ရသည်နှင့် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပုံယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာ ဒုံးယိမ်းနှင့် ရှမ်းတိုင်းရင်းသား အကအဖွဲ့များက အလွန်မြူးကြွသည့် အကမျိုးစုံကို လေ့ကျင့်ပြီး ကပြဖျော်ဖြေပြိုင်ပွဲဝင်ရန် တာစူနေကြမည်ဖြစ်ပြီး ထိုသို့ ရိုးရာမပျက် ပြိုင်ပွဲဝင်သည့် ယိမ်းအကအဖွဲ့သားများကို အကဲဖြတ်အဖွဲ့များဖြင့် အက၊ အလှ၊ သဘာဝ စိစစ်ပြီး တာဝန်ရှိသူများက ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးအပ်လေ့ရှိသည်။ ထို့နောက် ယင်းနေ့ ညနေပိုင်း မှောင်ရီပျိုးစပြုလာမည့် ၆ နာရီအချိန်ခန့်တွင်မူ ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ ဆီမီးရောင်စုံ မီးကြာခွက်များကို ရွှေကျင်ချောင်းအတွင်း ရေမျှော ပူဇော်ကြမည်ဖြစ်သည်။

**ရွှေကျင်မီးမျှောပူဇော်ပွဲသို့**

ရွှေကျင်ချောင်းနှင့် ရွှေကျင်မြို့သည် ခွဲခြားမရသကဲ့သို့ အစဉ်အလာမပျက် ကျင်းပနေသည့် မီးမျှောပွဲတော်သည် လည်း ရွှေကျင်မြို့နှင့် ခွဲခြား၍ မရစကောင်းပေ။

ရွှေကျင်ချောင်း ရေပြင်၌ ရွှေကျင်နယ်သူ နယ်သားများနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ထွန်းညှိပူဇော်ခဲ့သော ဆီမီးရောင်ရှိန်တို့သည် ရိုးရာ ဘာသာရေးထုံးတမ်းစဉ်လာအရ လောကုတ္တရာ အကျိုးစီးပွားကို ဖော်ဆောင်သည့် ပူဇော်မှုတစ်ခု ဖြစ်သလို ရွှေကျင်ဒေသ၏ အလှပြယုဂ်တစ်ခု လည်း ဖြစ်ပေသည်။

သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သည့် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်စွာ ဖူးတွေ့ရသော စေတီတော်တည်ရှိရာ နေရာဖြစ်သည့် ရွှေကျင်မြို့၏ သမိုင်းဝင် ရှေးဟောင်းစေတီတော်ကြီးကို ဖူးမြော်ရင်း ခြိမ့်ခြိမ့်သဲ ဆင်နွှဲကြမည့် ရွှေကျင်ဒေသ မီးမျှောပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက် ဆင်နွှဲနိုင်ကြစေရန် ဖိတ်ခေါ်လိုက်ရပေသည်။ ။

# အထောက်အထားမဲ့နိုင်ငံခြားသားများ တည်းခိုခြင်းမရှိစေရန် ကော့ကရိတ်မြို့ရှိ တည်းခိုခန်းများကို ရှောင်တခင်စစ်ဆေး

**ကော့ကရိတ် စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ရှိ တည်းခိုခန်းများတွင် အထောက်အထားမဲ့ နိုင်ငံခြားသားများ တည်းခိုနေထိုင်ခြင်း မရှိစေရန်အတွက် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က စက်တင်ဘာ ၁၅ ရက် ည ၉ နာရီခန့်တွင် လိုက်လံစစ်ဆေးခဲ့သည်။

ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်နိုင်ထွန်း၏ ကြီးကြပ်မှုဖြင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်ကျော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဦးစောအယ်လ်ဆင်နှင့် ဒုတိယဦးစီးမှူး ဦးလင်းသက်ခိုင်၊ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးစိုးမင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့က ကော့ကရိတ်မြို့ပေါ်ရှိ တည်းခိုခန်းများသို့ သွားရောက်၍ တရားမဝင် အထောက်အထားမဲ့ နိုင်ငံခြားသားများ ဝင်ရောက်တည်းခိုနေထိုင်ခြင်း ရှိမရှိကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။ **စိုးထက်အောင်(မြန်/ဆက်)**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနား မြို့နယ်အသီးသီး၌ ကျင်းပ

**၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မြို့နယ်အသီးသီး၌ ကျင်းပခဲ့သည်။**

**ပခုက္ကူ**

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပခုက္ကူမြို့၌ ကျင်းပခဲ့သည့် ကာတွန်းနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ပခုက္ကူမြို့ အထက(၂) ကျောင်း ပိတောက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်က ကမ္ဘာကြီးတွင် အိုဇုန်းလွှာထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လာသည်မှာ ၃၂ နှစ် ကြာမြင့်လာပြီဖြစ်ကြောင်း၊ အိုဇုန်းလွှာကို ပါးလာစေသည့် ပစ္စည်းများ သုံးစွဲမှုကို လျှော့ချနိုင်သည့်အတွက် လူသားအားလုံး၏ အပြုအမူပြောင်းလဲမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်၊ ခရိုင်ပညာရေးမှူး ဦးဆန်းလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်တို့က ဆုများ ပေးအပ်ချီးမြှင့်ကာ ၁၉၈၇ ခုနှစ်မှစတင်၍ အိုဇုန်းလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုဖိုင်ကို ပြသခဲ့သည်။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ပခုက္ကူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကာ ကမ္ဘာကြီး၏ အထိမ်းအမှတ်နေ့များနှင့် ကမ္ဘာလုံးဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းစောင့်ရှောက် ကာကွယ်နေမှုများကို လူငယ်များ သိရှိ ဗဟုသုတရစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ကိုတမာ**

**ပြင်ဦးလွင်**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မြို့တော်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးပါစည်က အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ၂၀၁၉ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မှတ်တမ်း ဗီဒီယိုနှင့် ‘၃၂ နှစ်ကြာ အောင်မြင်မှု အိုဇုန်းလွှာက သက်သေပြု’ အသိပညာပေး ဗီဒီယိုများကို ပြသခဲ့ကာ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းများကိုလည်း ဖွင့်လှစ်ပြသခဲ့သည်။ **ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

**ဖျာပုံ**

‘၃၂ နှစ်ကြာ အောင်မြင်မှု အိုဇုန်းလွှာက သက်သေပြု’ဆောင်ပုဒ်ဖြင့် ကျင်းပသော ယခုနှစ် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အခမ်းအနားနှင့် စာပေဆုချီးမြှင့်ပွဲကို ဖျာပုံမြို့သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇေယျာမင်းသိန်းက အမှာစကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ သဝဏ်လွှာကို ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဖတ်ကြားသည်။

ထို့နောက် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းခြင်းလုပ်ငန်း အသိပညာပေး ဗီဒီယိုကို ပြသပြီး အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**သူဇာနွယ်(ဖျာပုံ)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ လူငယ်နှင့် အနာဂတ်ရည်မှန်းချက် ပြည်သူ့စကားဝိုင်းကျင်းပ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျောင်းသားလူငယ်နှင့် အနာဂတ်ရည်မှန်းချက် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၅ ရက်က မဲဇလီဦးတိုကျေးရွာ အထက(ခွဲ)၌ ကျင်းပခဲ့သည်။



မော်လမြိုင်ကျွန်းမြို့နယ်၌ လူငယ်နှင့် အနာဂတ်ရည်မှန်းချက် ပြည်သူ့စကားဝိုင်း ကျင်းပစဉ်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်က ပြည်သူ့စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဖြူဖြူဝင်းက ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်သွဲ့ရီဝင်းက မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးက မုန်တိုင်းဘေးနှင့် လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်နှင်းမိုးလှိုင်က ကိုယ်လက်လှုပ်ရှားအားကစားနှင့် ကျန်းမာကြံ့ခိုင်ရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်နှင်းမိုးလှိုင်က ကျောင်းသား ကျောင်းသူများအား ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၂)ကို စနစ်တကျ သရုပ်ပြ လေ့ကျင့်သင်ကြားပေးခဲ့ကာ ပြည်သူ့စကားဝိုင်းသို့ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်အောင်(မြန်/ဆက်)**

# ငါးသယံဇာတ တိုးပွားစေရန် ဗန်းမောက်မြို့ ဟဲထန်ဆည်နှင့် နားယကာဆည်များအတွင်း ငါးမျိုးစိုက်ထည့်

**ဗန်းမောက် စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားပြီး ငါးရိက္ခာဖူလုံရန်နှင့် ငါးမျိုးဆက်မပြတ်စေရန်အတွက် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး ဗန်းမောက်မြို့နယ်ရှိ ဟဲထန်ဆည်နှင့် နားယကာဆည်များအတွင်းသို့ စက်တင်ဘာ ၁၃ ရက်က ငါးမျိုးများစိုက်ထည့်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေနှင့် မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၂၀၀၀၀ တို့ကို ဆည်နှစ်ခုအတွင်း မျိုးစိုက်ထည့်ခဲ့ကြသည်။ ဗန်းမောက်မြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားရေးအတွက် ဆည်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို အဆက်မပြတ် ပြုလုပ်သွားနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ငပုတော စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်းနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်မျိုးထွန်းတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တောင်ပိုင်းရပ်ကွက် သိမ်တော်ကြီးလမ်းရှိ ရှေးဟောင်းသမိုင်းဝင် ရှင်ဆပဒ ရဟန္တာ ကျောင်းတော်ရာဝင်းအတွင်း၌ စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။ **(မြန်/ဆက်)**

# အာဆီယံအပေါင်း (၃) အရေးပေါ် ဆန်ရိက္ခာအစီအစဉ်အရ ဆန်တန်ချိန် ၇၄ ဒသမ ၄ တန်ကို ရွှေကျင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား အာဆီယံအပေါင်း(၃) အရေးပေါ်ဆန်ရိက္ခာအစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသော ဆန်တန်ချိန် ၇၄ ဒသမ ၄ တန်အား ထောက်ပံ့ပေးအပ်လှူဒါန်းပွဲအခမ်းအနားများကို စက်တင်ဘာလ ဒုတိယပတ်က ရွှေကျင်မြို့နယ် မြို့တော်ခန်းမနှင့် မဒေါက်မြို့ တရုတ်ဘုံကျောင်းခန်းမတို့၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး လှမျိုးရွှေက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် APTERR ကောင်စီဝင် ဦးအေးကိုကိုနှင့် APTERR အတွင်းရေးမှူးရုံးအကြီးအကဲ Mr. Champithiya တို့က အာဆီယံအပေါင်း (၃) အရေးပေါ်ဆန်ရိက္ခာ အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အာဆီယံအပေါင်း (၃)အရေးပေါ်ဆန်ရိက္ခာအစီအစဉ် (၃) အရ ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသော ဆန်ရိက္ခာများကို ပေးအပ်ရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက လက်ခံယူကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ယခုလှူဒါန်းသော ဆန်ရိက္ခာများကို ရွှေကျင်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်တန်ချိန် ၃၇ ဒသမ ၉၂ တန်နှင့် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ ရေဘေးသင့်ပြည်သူများသို့ ၃၆ ဒသမ ၄၈ တန် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး**



ရွှေကျင်မြို့ ရေဘေးသင့်ပြည်သူများထံ ဆန်လှူဒါန်းပေးစဉ်။

# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့လုံးကျွတ် စုပေါင်းအမှိုက်ကောက်

**ကောလင်း စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ယမန်နေ့က အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့လုံးကျွတ် စုပေါင်းအမှိုက်ကောက်ပွဲကို ကျင်းပသည်။ စုပေါင်းအမှိုက်ကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ အမှိုက်ကောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ Clean Kawlin အဖွဲ့မှ ဦးထွန်းလင်းက ယခုကဲ့သို့ စုပေါင်းအမှိုက်ကောက်ခြင်းအားဖြင့် ပြည်သူများအနေဖြင့် အမှိုက်များကို အမှိုက်ပုံးများသို့ စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



**နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Green & Grow Group Myanmar နှင့် မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း ကျောက်ဆည်မှ ကင်းထောက်လူငယ်များ၊ ကျောင်းသားကျောင်းသူများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော် တပ်ကုန်းမြို့ရှိ မြို့နယ်ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံဧရိယာ၌ ကျင်းပစဉ်။** (မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့)

## လေရှီးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေပေးအပ်

**လေရှီး စက်တင်ဘာ ၁၆**

စစ်ကိုင်တိုင်းဒေသကြီး နာဂဒေသ လေရှီးမြို့နယ် ထိန်းဖာရန်အုပ်စုကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ ထောက်ပံ့ငွေကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝေးလံခေါင်းပါးသော ဒေသများရှိ ကိုယ်ဝန်ဆောင်မိခင်များ အစာအာဟာရအထောက်အပံ့ရရှိစေရေးအတွက် ကွင်းဆင်းပြီး အိမ်တိုင်ရာရောက် ထောက်ပံ့ခဲ့သည်။

ယင်းထောက်ပံ့ငွေများကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ကျေးရွာပေါင်း ၇၂ ရွာရှိရာ အဆိုပါ ထောက်ပံ့ငွေပေးအပ်ခြင်းကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စပါးအခြေခံဘက်စုံပိုးမွှားရောဂါနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်းအလုပ်ရုံ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၆**

စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စပါးအခြေခံပိုးမွှားရောဂါနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အဆင့်မြင့်လယ်လယ်မြေရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ကိုရီးယားနိုင်ငံ KOPIA- RDA တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရည်အသွေးကောင်း စပါးမွေးမြူရွေးချယ်ထုတ်လုပ်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာစီမံကိန်းဆောင်ရွက်ခြင်းဖြစ်၍ တောင်သူများအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်း၊ လက်တွေ့ပြသပေးခြင်း၊ ပေါင်းကာကွယ်နှိမ်နင်းနည်းစနစ်တို့ကို ကွင်းထဲတွင် လက်တွေ့ထိထိရောက်ရောက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက “တောင်သူတွေအနေနဲ့ သီးနှံတွေ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းနဲ့ အရည်အသွေး၊ ဝယ်လိုအားဈေးကွက်အပေါ်မူတည်ပြီး စိုက်ပျိုးကြဖို့ လိုအပ်ပါတယ်။ တောင်သူတွေကို ကွင်းထဲမှာ ပိုးမွှားရောဂါတွေ လက်တွေ့ကြည့်ခိုင်းတယ်။ လက်တွေ့ကြည့်ခိုင်းပြီးတော့ ပိုးမွှားတွေကို ကောက်လာတယ်။ ကောက်လာပြီး ပိုး၊ ရောဂါပေါင်း ခွဲခြားသိပြီး နှိမ်နင်းနည်းစနစ်ကို ပြန်လည်ဆွေးနွေးတဲ့ပွဲဖြစ်ပါတယ်ဟု”ပြောသည်။

သီးနှံများ အရည်အသွေးကောင်းရန်၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားများ ကောင်းမွန်စေရန်၊ စပါး၊ ပဲမျိုးစုံသီးနှံများ နှစ်စဉ်ထုတ်လုပ်သည့်နေရာတွင် ပိုးမွှားရောဂါကျရောက်ခြင်း၊ ပေါင်းထူထပ်သည့် စိုက်ခင်းများမှ သီးနှံများသည် အရည်အသွေးမကောင်းသည့်အတွက် ဈေးကောင်းမရနိုင်ကြောင်း၊ ဘက်စုံပိုးမွှားနှိမ်နင်းနည်းနှင့် ပေါင်းမြက်နှိမ်နင်းနည်းတို့ကို စနစ်တကျလိုက်နာကျင့်သုံးမှ ထွက်ရှိလာသည့် သီးနှံများမှာ အရည်အသွေးကောင်းပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မည့် သီးနှံများထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှာ သီးနှံစိုက်ကွင်းထဲမှ တောင်သူများအတွက် အကျိုးများသော ပိုးမွှားရောဂါခွဲခြားနည်း၊ ကာကွယ်နည်းတို့အပြင် သီးနှံစိုက်ပျိုး ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးအဖြေရှာသော အလုပ်ရုံ ဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။ လယ်ဝေးမြို့နယ်အတွင်း ယခုနှစ် သီးနှံမျိုးစုံစိုက်ကေမှာ ၁၈၀၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**



**စပါးအခြေခံပိုးမွှားရောဂါနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်းကို စိုက်ခင်းတွင် ကွင်းဆင်းကာ ရှင်းလင်းပြသစဉ်။**

# တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

**ဆော စက်တင်ဘာ ၁၆**

ဂန့်ဂေါခရိုင် ဆောမြို့နယ် တိုင်းရင်းဆေးကုဌာန ဆေးကုသရေးအဖွဲ့သည် ဆောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပြည်သူများကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် ကုသလျက်ရှိရာ ယမန်နေ့က ပိန်းချောင်းကျေးရွာ၌ ကျန်းမာရေး ကုသခြင်းလုပ်ငန်းများနှင့် ပညာပေးဟောပြောပွဲကို အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဟန်နီလှစိုးက ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ လက်ထောက်တိုင်းရင်းဆေးဆရာမ ဒေါ်နန်းအိစံက ပတ်ဝန်းကျင်မှ ဆေးဖက်ဝင်အပင်များ အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူအား ကျန်းမာရေးစမ်းသပ်စစ်ဆေးပြီး လူနာ ၇၈ ဦးတို့ကို အခမဲ့ကုသပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် စပါးစိုက်ခင်းများအတွင်း ငါးသန်၊ ငါးခုံးမနှင့် တောင်ပေါ်ငါးသလောက် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသောင်း စိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာလ ဒုတိယပတ်က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အဝိုင်းအနောက်ဘက်ကျေးရွာအုပ်စု စပါးစိုက်ခင်း၌ ကျင်းပစဉ်။**

ဉာဏ်လင်း

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် စက်တင်ဘာ ၁၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က မိုင်းဖြတ်အုပ်စု ဆိုင်းလေကျေးရွာရှိ “စာပန်းဝေဝေ” စာကြည့်တိုက်၌ ကျင်းပခဲ့သည်။


မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးရှောလမွန်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်းစရာများနှင့် စာပေသုတမှ ဉာဏဖွံ့ဖြိုးရေခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရာဇာဝင်းထွန်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**

# ဖေ့စ်ဘွတ် ဘယ်လိုသုံးမလဲ

**ရှင်မင်း**

**မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ဖေ့စ်ဘွတ်သုံးစွဲမှုသည် ယခုအခါ စိမ့်ဝင်ပျံ့နှံ့လျက်ရှိသည်။ ဖေ့စ်ဘွတ်ကို စွဲစွဲလမ်းလမ်းသုံးစွဲမှုများ ရှိလာသည်။ ဘာလုပ်လုပ် ဖေ့စ်ဘွတ်တင်ရမှ ကျေနပ်သူများလည်း ရှိလာသည်။ ဖေ့စ်ဘွတ်တင်လိုက်သည့်အတွက် တစ်ပါးသူ အလွဲအသုံးပြုနိုင်သည့် ကိုယ်ရေးကိုယ်တာ အချက်အလက် ပေါက်ကြားမှုလည်း များစွာရှိလာသည်။ ဖေ့စ်ဘွတ်မှတစ်ဆင့် အဖြစ်အပျက်များကို လျင်မြန်စွာ သိရှိနိုင်သည် မှန်သော်လည်း အပြုသဘောမဆောင်သည့် အတားအဆီးမဲ့ ရေးကြ၊ ပြောကြ၊ ဝေဖန်ကြသည်များ ရှိလာသည်။ အမှန်တရားမဟုတ်ဘဲ လုပ်ကြံဖန်တီးထားသော အဖြစ်အပျက်များသည်လည်း ဖေ့စ်ဘွတ်သုံးစွဲသူများအကြား ပျံ့နှံ့နေသည်။**



မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော် ရှိသော်လည်း မိုဘိုင်းဆင်းကတ်သုံးစွဲမှု သန်း ၆၀ ကျော်ရှိကာ လူမှုမီဒီယာ သုံးစွဲသူ သန်း ၂၀ ကျော်ရှိသည်ဟု သိရှိရသည်။ Facebook၊ Viber၊ Twitter၊ Skype အစရှိသည်ဖြင့် ထင်ရှားအသုံးများသည့် လူမှုမီဒီယာများအနက်မှ Facebook သည် မြန်မာနိုင်ငံတွင် သုံးစွဲမှု အများဆုံးဖြစ်သည်။

**ဖေ့စ်ဘွတ် သုံးစွဲမှုအတွေ့အကြုံ**

"တစ်ခါက ကျွန်တော်တို့မိသားစုဓာတ်ပုံကို ကျွန်တော် ဖေ့စ်ဘွတ်မှာ တင်ပါတယ်။ ဒီအောက်မှာ ကျွန်တော်နဲ့ တစ်ခါမှ သိကျွမ်းခြင်းလည်းမရှိ၊ ရန်ငြိုးရန်စလည်း မရှိတဲ့သူ တစ်ယောက်က လာပြီး ကော့မန့်ရေးပါတယ်။ ရေးထားတယ်ဆိုတာထက် ဆဲထားတာပါ။ ကျွန်တော်လည်း မက်ဆင်ဂျာကနေ ရေးတဲ့သူကို ဘာဖြစ်လို့ ဆဲတာလဲလို့ မေးကြည့်ပါတယ်။ အဖြေမပြန်ပါဘူး။ ဒီလိုဖြစ်ပြီးနောက်ပိုင်း ဖေ့စ်ဘွတ်တင်ချင်ရင် Privacy ကို ထည့်စဉ်းစားလာတယ်။ လာပြီး Add တဲ့သူတွေဆို Mutual Friend မရှိရင် လက်မခံရဲတော့ဘူး။ Post လည်း အရင်လို မတင်ရဲတော့ဘူး။ Post တင်ရင်လည်း Privacy ကို Public မလုပ်တော့ဘဲ Friend နဲ့ပဲ တင်ဖြစ်တော့တယ် "ဟု လူမှုမီဒီယာဖေ့စ်ဘွတ် သုံးစွဲမှုအတွေ့အကြုံကို ကိုကျော်ဒွေးက ပြောပြသည်။

ဒစ်ဂျစ်တယ်နည်းပညာကြောင့် သတင်းအချက်အလက် ဖြန့်ဝေနိုင်မှု ကောင်းမွန်လာခဲ့သော်လည်း တစ်ဖက်တွင် မှန်ကန်သော သတင်းအချက်အလက် ရယူသုံးစွဲနိုင်ရေးနှင့် သတင်းအချက်အလက်အပေါ် အမှား၊ အမှန် စိစစ်နိုင်ရေးသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် လိုအပ်နေပြီဖြစ်သည်။

**လိမ်လည်ခြိမ်းခြောက်ခံရနိုင်**

မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုအားနည်းခြင်းကြောင့် လူမှုမီဒီယာ ဖေ့စ်ဘွတ်သုံးစွဲမှုမှတစ်ဆင့် ပြဿနာများ ဖြစ်ပေါ်ဝင်ရောက်လာနိုင်သည်။ ယခုအခါ ဖေ့စ်ဘွတ်ပေါ်မှတစ်ဆင့် လိမ်လည်ငွေတောင်းခံခြင်း၊ ဖေ့စ်ဘွတ်အကောင့်ခိုးယူ၍ ငွေခြိမ်းခြောက်တောင်းခံခြင်းကဲ့သို့ ကိစ္စရပ်များ ဖြစ်ပေါ်လျက်ရှိသည်။

ထိုကဲ့သို့ ဖေ့စ်ဘွတ်သုံးစွဲမှုမှတစ်ဆင့် လိမ်လည်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းတို့ တွေ့ကြုံရပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

"ဖေ့စ်ဘွတ်ပေါ်ကနေ ငွေကြေးလိမ်လည်ခံရတာ နှစ်မျိုးရှိပါတယ်။ ဖေ့စ်ဘွတ်အကောင့် ခိုးယူပြီး ငွေညှစ်တဲ့ Blackmail တစ်မျိုးလည်းရှိပါတယ်။ ငွေလိမ်နည်း နှစ်မျိုးကတော့ အကောင့်ကို Hack ပြီး ကိုယ့်မိတ်ဆွေတွေဆီမှာ ငွေချေးတာမျိုး၊ ညနေပြန်ပေးမယ် သူငယ်ချင်းရေ၊ လမ်းခုလတ် ငွေလိုလို့၊ ကားပျက်လို့ဆိုပြီး ငွေချေးတာမျိုးတွေပါ။ ဒါက တရားခံဘယ်သူဘယ်ဝါမသိတဲ့ကိစ္စ ဖြစ်တတ်ပါတယ်။ နောက်တစ်ခုက ဖေ့စ်ဘွတ်ပေါ်ကနေ လူယုံကြည်အောင် အကွက်ဆင်၊ မက်ဆင်ဂျာမှာ အပြန်အလှန်ပြောဆိုပြီး စုကြေးငွေစုခိုင်းပြီးမှ လိမ်လည်တဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကတော့ လူချင်းသိကြတာများတဲ့ ကိစ္စဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် မှုခင်းရဲတပ်ဖွဲ့ နည်းပညာမှုခင်းဌာနမှ ရဲမှူးကြီး ညွန့်ဝေက အင်တာဗျူးတစ်ခုတွင် ဖြေကြားထားသည်။

**ရှောင်ကြဉ်ရန်လိုအပ်**

နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် ဖော်ပြပါရှိသည်။

လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘွတ်ပေါ်တွင် မိမိ၏ ပုဂ္ဂလိက လွတ်လပ်မှုကြောင့် အခြားသူများကို အနှောင့်အယှက်မဖြစ်သင့်ပေ။ ထို့အတူ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေး ချို့တဲ့သူများကို ထိခိုက်နာကျင်စေမည့် အမုန်းစကားများ ပြောကြားခြင်း၊ ဖြန့်ဝေခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သည်။


**ခွဲခြားသိရှိရန် လိုအပ်**

"လူမှုမီဒီယာက အသုံးများလာတော့ တချို့နိုင်ငံတွေမှာဆို အလုပ်ခန့်ဖို့ ရွေးချယ်ရင် လာလျှောက်တဲ့သူရဲ့ လူမှုမီဒီယာ စာမျက်နှာကို ကြည့်တာမျိုးရှိလာတယ်လို့ သိရတယ်။ လာလျှောက်တဲ့သူဟာ စိတ်ခံစားမှုတွေ အမြဲတမ်းဖော်ပြတတ်သူလား၊ Privacy ထားရမှာတွေကို ဖွင့်ချတတ်သူလား၊ တခြားသူတွေကို အပြစ်မြင်တတ်သူလား ဒါတွေကို ကြည့်တာမျိုး ရှိလာတယ်လို့ သိရတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ကျောင်းသားအရွယ် စာပေဘက်လေ့လာရမှာကို ဖုန်းနဲ့ အချိန်ကုန်နေတာမျိုးတွေ ရှိလာတယ်။ မိသားစုအားလပ်ချိန်တောင် စကားမပြောတော့ဘူး။ ဖုန်းပဲ သုံးကြတယ်။ ဘယ်အရာပဲဖြစ်ဖြစ် ကိုယ့်ဘဝအတွက် ဘယ်ဟာက အရေးကြီးတယ်၊ အရေးမကြီးဘူးဆိုတာ ခွဲခြားဖို့လိုပါတယ်" ဟု အငြိမ်းစား ကျောင်းဆရာကြီးတစ်ဦးက ဆိုသည်။

"ဖေ့စ်ဘွတ်က အတော်စုံတဲ့ မီဒီယာတစ်ခုလို့လည်း ပြောလို့ရတယ်။ ဖေ့စ်ဘွတ်သုံးရင်းနဲ့ ဖေ့စ်ဘွတ်မှာ အမှန်မဟုတ်ဘဲ တင်တာမျိုးတွေ၊ အရင်နှစ်တွေက ဖြစ်ပျက်တာတွေကို Memories ပြန်ပေါ်တာမျိုးမဟုတ်ဘဲ အခုမှဖြစ်သလိုမျိုး၊ ဥပမာ အရင်တုန်းက ရေကြီးခဲ့တာကို အခုရေကြီးနေသလိုမျိုး Copy ယူပြီး ပြန်တင်တာမျိုးတွေ၊ ဖြတ်ညှပ်ကပ် လုပ်ထားတာမျိုးတွေ ဒီလို အတုအယောင်တွေ အများကြီးရှိတာကို သိလာရတယ်။ သတင်းပေ့ချ် အတုတွေတောင်ရှိတယ်။ အခုတော့ သတင်းအကြောင်းအရာတစ်ခုကို သိချင်ရင် အပြာရောင် အမှတ်အသား(Blue Mark) ပါတဲ့ သတင်းမီဒီယာက သတင်းတွေကို ကြည့်တယ်။ ဖေ့စ်ဘွတ်မှာ ဒီလိုအတုအယောင်တွေရှိတာ ပြည်သူတွေအားလုံးသိအောင် အသိပညာပေးသင့်တယ်လို့ ထင်ပါတယ်။ ဖေ့စ်ဘွတ်သုံးရင်းနဲ့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘဲ ဆဲဆိုတာတွေ၊ ဝေဖန်တာတွေ၊ အတုအယောင်တွေရှိနေတော့ အရင်ကလို အချိန်အကြာကြီး မသုံးဖြစ်တော့ဘူး။ ဖေ့စ်ဘွတ်က ဘဝမဟုတ်ဘူးလို့ ခံယူထားတယ်"ဟု ဖေ့စ်ဘွတ်သုံးစွဲသူ မကေသီခိုင်က ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

ပြည်သူများအကြား လူမှုမီဒီယာ အသုံးများလာသည့်အတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အသိပညာပေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း လုပ်ဆောင်ရန် လိုအပ်နေသည်။

လူတိုင်းနီးပါး လူမှုမီဒီယာများ သုံးစွဲလာသည့် ယနေ့ခေတ်တွင် လူမှုမီဒီယာမှပေးလာသည့် သတင်းအချက်အလက်များသည် မှန်သည်၊ မှားသည် ခွဲခြားသိရှိလာရန် အရေးပါလာပေသည်။ ထို့အတွက် ပြည်သူများ အကြား မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာများ ဖြန့်ဝေရမည်ဖြစ်သည်။ လူမှုမီဒီယာ ဖေ့စ်ဘွတ်နှင့်ပတ်သက်၍ "ချင့်ယုံ၊ ကြည့်ရှဲ (Share)၊ ချိန်ပြော" ဟူသည့် အသိပညာပေး ဆောင်ပုဒ်ပါအတိုင်း လူမှုမီဒီယာတွင် တွေ့မြင်ရသည်များကို ချင့်ချိန်ယုံကြည်ရန်၊ စိစစ်စဉ်းစားပြီးမှ ရှဲ(Share) လုပ်ရန်၊ Post တင်ခါနီး အကျိုး၊ အပြစ်ချိန်ဆရန် လိုအပ်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




## ၁၁ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အကွာအတွင်းရှိ ကျေးရွာ ၁၆၆ ရွာသို့ လျှပ်စစ်မီးလင်းရေး လုပ်ဆောင်ပေး

**မုံရွာ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အကွာမှ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာ ၁၆၆ ရွာသို့ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံချက် အဆင့် (၁) ဖြင့် ကျေးရွာနေပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရန် တပ်ဆင်ပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

" လျှပ်စစ်မီးကို တိုင်းဒေသကြီးတစ်ခုလုံး အသုံးပြုနိုင်ဖို့အတွက် နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ပေးတဲ့အခါမှာ အခုတပ်ဆင်ပေးတဲ့ ကျေးရွာအုပ်စုတွေက နိုင်ငံတော်ကပို့လွှတ်ပေးနေတဲ့ မဟာဓာတ်အားလိုင်းနဲ့ နှစ်မိုင်အကွာအတွင်းမှာရှိပြီးတော့ လျှပ်စစ်ဓာတ်အားမရသေးတဲ့ ကျေးရွာတွေကို လုပ်ဆောင်ပေးတာဖြစ်တယ်။ ဆက်ပြီးတော့လည်း ဘဏ္ဍာနှစ်အလိုက် ကျန်တဲ့ကျေးရွာအုပ်စုတွေကို တပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးမျိုးသန့်ထွန်းက ပြောသည်။

လျှပ်စစ်ဓာတ်အားတပ်ဆင်ပေးခြင်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း မြို့နယ်သုံးခုရှိ ကျေးရွာခုနစ်ရွာတွင်လည်းကောင်း၊ မုံရွာခရိုင်အတွင်း မြို့နယ်လေးခုရှိ ကျေးရွာ ၅၂ ရွာတွင်လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း မြို့နယ်လေးခုရှိ ကျေးရွာ ၂၃ ရွာတွင်လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း မြို့နယ်ခြောက်ခုရှိ ကျေးရွာ ၇၄ ရွာတွင်လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်း မြို့နယ်နှစ်ခုရှိ ကျေးရွာသုံးရွာတွင် လည်းကောင်း၊ ကသာခရိုင်အတွင်း မြို့နယ်ခြောက်ခုရှိ ကျေးရွာခုနစ်ရွာတွင် လည်းကောင်း စုစုပေါင်းကျေးရွာ ၁၆၆ ရွာတွင် ယခုဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ဓာတ်အား တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ဆောင်ရွက်

**ရှမ်းရွာသစ် စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ဝါးမီးကလားကျေးရွာအုပ်စု၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်သည်။

ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနမှ ဒေါ်နော်အေးအေးချိုက အသက် ၄၀ နှစ်နှင့်အထက် ဒေသနေပြည်သူများအား တစ်ကိုယ်ရေသန့်ရှင်းရေးနေထိုင်ရမည့် နည်းလမ်းအကြောင်းအရာများ၊ သွားနှင့်ပတ်သက်သည့် ရောဂါအကြောင်းအရာများ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါအကြောင်း သိကောင်းစရာများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အစာအာဟာရအုပ်စုများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ အရပ်များတိုင်းတာပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အခမဲ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လိပ်ခြံကျေးရွာ၌ နေစွမ်းအင်ဖြင့် အိမ်တိုင်ရာရောက် ရေရရှိရေးဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**ဆိပ်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လိပ်ခြံကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်း၍ နေစွမ်းအင်ဖြင့် ရေတင်၍ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



နေစွမ်းအင်ဖြင့် ရေရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မှုကို တွေ့ရစဉ်။

အဆိုပါ လိပ်ခြံကျေးရွာ အိမ်တိုင်ရာရောက် ရေရရှိရေးအတွက် ယူနီဆက်မှ ၈၀ ဝပ် ဆိုလာပြား ၅၆ ချပ်၊ ဆိုလာပန့်နှစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ရေသွယ်ပိုက်များထောက်ပံ့ခြင်း၊ ကျေးရွာနေပြည်သူများက အကျယ်လေးလက်မ၊ အနက်ပေ၂၀၀ စက်ရေတွင်း နှစ်တွင်း တူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ရေမီတာ၊ ပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်းနှင့် လုပ်အားများ ထည့်ဝင်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပိုက်လိုင်းဒီဇိုင်းရေးဆွဲဆောင်ရွက်လျက်ပြီး ယခုအခါ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာပြား၊ ဆိုလာပန့်များ တပ်ဆင်ပြီးစီး၍ ရေစင်တည်ဆောက်ခြင်းနှင့် ကျေးရွာတွင်း ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးရဲမင်းအောင်က ပြောသည်။

မြို့နယ်အတွင်း ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် လိပ်ခြံကျေးရွာ အပါအဝင် ငွေးပင်ချောင်း၊ ကမ္ဘာနီ၊ အိုင်ကြီး၊ သဖန်းတုံး၊ ကူရှည်၊ တပေါင်း၊ အရှေ့ကပိုင်၊ ထန်းပင်ကန်၊ ကျွန်းမကြီး စသည့် ကျေးရွာ ၁၀ ရွာ၌ ပြည်သူ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဦး**

# ချင်းတွင်းမြစ်အတွင်း ရေလမ်းခရီးသွားသူများ အန္တရာယ်ကင်းစေရန် အသက်ကယ်အင်္ကျီဝတ်ဆင်ရေး အသိပညာပေးမှုများဆောင်ရွက်

**ရေစကြို စက်တင်ဘာ ၁၆**

ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်အတွင်း မိုးရာသီ ရေလမ်းခရီးသွားလာသူများ အန္တရာယ် ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီများ ဝတ်ဆင်အသုံးပြုရန် ရေစကြိုမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး စက်တင်ဘာ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးညီညီအောင်က "ဒီနေ့လုပ်တာကတော့ ကူးတို့ဆိပ်သုံးခုက ရေယာဉ်တွေကို သတ်မှတ်တန်ချိန်ထက် ပိုမတင်ဖို့၊ ခရီးသည်တွေအတွက် အသက်ကယ်ဗောကွင်းတွေထားရှိရေးနဲ့ အသက်ကယ်အင်္ကျီဝတ်ဆင်အသုံးပြုရေးတွေကို အသိပညာပေးစည်းရုံးရင်းနဲ့ အသက်ကယ်အင်္ကျီ ဝတ်ဆင်နည်းတွေကို လက်တွေ့ပြသခဲ့တာပါ၊ ခရီးသွားပြည်သူတွေကလည်း စက်လှေတွေမှာ အသက်ကယ်အင်္ကျီမပါခဲ့ရင် ကိုယ်တိုင်ဆောင်ထားကြဖို့ သတိပေးပြီး အသက်ကယ်အင်္ကျီဝတ်ဆင်နည်းတွေကို လက်တွေ့ပြသခဲ့ပါတယ်"ဟု ပြောသည်။



အသက်ကယ်အင်္ကျီ ဝတ်ဆင်နည်းများကို ရေယာဉ်စီးခရီးသည်များအား လက်တွေ့သရုပ်ပြနေစဉ်။

ချင်းတွင်းမြစ်အတွင်း ရေယာဉ်များဖြင့် ရေလမ်းခရီးသွားကြသည့် ပြည်သူများအား အန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းကို ရေစကြိုမြို့ပေါ်ရှိ ကူးတို့ဆိပ်နှစ်ခုနှင့် ပေါက်တောကြီးကျေးရွာ ကူးတို့ဆိပ်တို့၌ ပြုလုပ်ခဲ့ရာတွင် ရေယာဉ်အစင်း ၂၀ ခန့်နှင့် ဇက်ရေယာဉ်တစ်စင်းတို့မှ ခရီးသွားပြည်သူ ၂၀၀ ခန့်ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# ပုလဲမြို့နယ်အတွင်း လမ်းများကောင်းမွန်စေရန် ကျပ်သန်း ၆၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိ

**ပုလဲ စက်တင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ကျော်ဖြင့် လမ်းများပြုပြင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

လမ်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ ဆောင်ရွက်လျက်ရှိရာ ချင်းတွင်းပုလဲကုမ္ပဏီက ကျပ် ၁၇၃ ဒသမ ၀၄ သန်းဖြင့် ပုလဲ-ဂန့်ဂေါကားလမ်းမှ နွယ်ရှောက်-ပန်းရွာလမ်းပိုင်းတွင် ကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် ကျပ် ၇၂ သန်းဖြင့် ကျောက်ကုန်း-တနယ်လမ်းပိုင်းတွင် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ မိုးမြင့်အာကာကုမ္ပဏီမှ ကျပ် ၆၀ ဒသမ ၆၆၃ သန်းဖြင့် ရွာသစ်- ပုထိုးသာ- မုံသွင်- ချင်ပြစ်လမ်းပိုင်းတွင် ကျောက်လမ်းခင်းခြင်းနှင့် ကျပ် ၅၇ ဒသမ ၀၅၉ သန်းဖြင့် သစ်ကြီးတိုင်း-ရေသာ-ဆည်ကြီးလမ်းပိုင်းတွင် ကျောက်လမ်းခင်းခြင်းကိုလည်းကောင်း၊ မုံရွာစွမ်းအားကုမ္ပဏီမှ ကျပ် ၄၃ ဒသမ ၄ သန်းဖြင့် ဝက်ကျ-ကျော်တော-သစ်ကြီးတိုင်း လမ်းပိုင်းတွင် ကျောက်လမ်းခင်းခြင်း၊ ကျပ် ၃၄ ဒသမ ၁ သန်းဖြင့် ကုက္ကိုကုန်း-ကြောင်းသန်းလမ်းပိုင်းတွင် ဂျင်းလမ်းခင်းခြင်း၊ ကျပ် ၇၇ ဒသမ ၉ သန်းဖြင့် ရွာသာ-ရွှေလောင်းလမ်းပိုင်းတွင် မြေ+ဂျင်း လမ်းခင်းခြင်းနှင့် ရေကျော်ပြုလုပ်ခြင်း၊ ကျပ် ၄၈ ဒသမ ၃ သန်းဖြင့် ရှားတောကျေးရွာအဝင်လမ်းတွင် မြေ+ဂျင်း လမ်းခင်းခြင်း၊ ကျပ် ၄၃ ဒသမ ၂ သန်းဖြင့် လက်ပုကန်-အင်ကြင်းစု-နွယ်ရှောက်လမ်း(မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းမှ အင်ကြင်းစုလမ်း)တွင် ဂျင်းလမ်းခင်းခြင်း၊ ကျပ် ၃၂ ဒသမ ၈ သန်းဖြင့် မယင်း-ခင်သာ လမ်းပိုင်းတွင် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရွှေမင်းလယ်ကုမ္ပဏီမှ ကျပ် ၄၉ ဒသမ ၅ သန်းဖြင့် ကန့်ဒေါင့်-ကြောင်ဝင်ဒူး- အောင်ချမ်းသာ- ချင်ပြစ်ကျင်း- ချင်ပြစ်လမ်း၌ ကျောက်လမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ပုလဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ ဒေါ်နန်းခိုင်သဉ္ဇာက လက်ရှိအချိန်တွင် လုပ်ငန်းများ ၉၂ ရာခိုင်နှုန်း ပြီးစီးနေပြီး စက်တင်ဘာလကုန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပုလဲမြို့နယ်အတွင်း တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်နေသည့် အဆိုပါ လမ်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစေရေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်လုပ်ငန်းအရည်အသွေးစိစစ်ရေးအဖွဲ့တွင် ပါဝင်သည့် ဌာနဆိုင်ရာများမှ အင်ဂျင်နီယာများ၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးနိုင်ဝင်းလတ်နှင့် အင်ဂျင်နီယာများက စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အသီးသီးမှ မြို့နယ်ရဲတပ်ဖွဲ့များနှင့် နယ်မြေ ရဲစခန်းများမှ တပ်ဖွဲ့ဝင်များက ဒေသအလိုက် အများပြည်သူဆိုင်ရာနေရာများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း အပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**မိတ္ထီလာ**

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သိန်းထွန်းတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မိတ္ထီလာမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ပြီး ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ဝင်းညွန့်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၉၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ရဲအုပ်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၅၅)မှ ရဲအုပ် အောင်ကိုကိုလတ်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းပါဝင်ဆောင်ရွက်သည်။

**ချမ်းသာ(မိတ္ထီလာ)**

**ပုသိမ်**

ပုသိမ်ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ရဲအကူ တပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ လက်ရုံးတပ်ဖွဲ့ဝင်များနှင့် ရဲစာရေးဝန်ထမ်းများ စုစုပေါင်း ၂၅၆ ဦးတို့က ပုသိမ်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရွှေသောင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မင်းလွင်နှင့် ဂန့်ဂေါမြို့မရဲစခန်းမှူး ဒုရဲမှူး လှမောင်တို့ ဦးဆောင်သည့် ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့ဝင် ၆၀ ခန့်သည် ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦးစေတီတော် ပရဝဏ်အတွင်း ပေါင်းမြက်များရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်က စုပေါင်းဆောင်ရွက်သည်။

**ခရိုင်(ပြန်/ဆက်)**

**တောင်ကြီး**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ခင်အောင်ဦးစီးသည့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၂၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး အောင်မြင့်နိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၄၅၀ တို့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးဝင်းအတွင်း၌ ပေါင်းမြက်များနှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် နုန်းများနှင့် အမှိုက်များ ဆယ်ယူခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၁၄ ရက်က စုပေါင်းဆောင်ရွက်ခဲ့ပြီး အမျိုးသမီးနှင့် ကလေးဆေးရုံ၌လည်း ရဲတပ်ဖွဲ့ဝင် ၁၄၅ ဦးက စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**မိုးညှင်း**

ရဲတပ်ဖွဲ့နေ့ အကြိုအထိမ်းအမှတ်အဖြစ် မိုးညှင်းခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင် ၂၁ ဦးက မိုးညှင်းမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၄ ရက်က စုပေါင်းသွေးလှူဒါန်းကြသည်။ စုပေါင်းသွေးလှူဒါန်းရာသို့ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးခန့်ကိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောဖိုးထူးနှင့် အရာရှိများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။ "ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက်နေရုံသာမက ဒေသဖွံ့ဖြိုးရေးနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုလည်း ကူညီပေးနေပါတယ်"ဟု ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဇော်လင်းအောင်က ပြောသည်။

**နီတိုး**



မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်ဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၂၅ ဦးသည် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၁ ရက်က စုပေါင်းသွေးလှူဒါန်းကြစဉ်။

မြို့နယ်(ပြန်/ဆက်)

# ထိခိုက်မိသူ မကျန်ရ ရှေးဦးပြုစုကြ

**တက္ကသိုလ်ဇော်ထူးဦး**

**ယနေ့ကမ္ဘာတွင် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များစွာရှိနေ၏။ သဘာဝတရားကြောင့် ဖြစ်ပျက်မှု၊ လူသားတို့၏ လုပ်ဆောင်မှုတို့ကြောင့် လူနှင့်သက်ရှိသတ္တဝါများသည် အသက်အန္တရာယ် ဖြစ်ပွားနိုင်မှုများစွာနှင့် ရင်ဆိုင်နေကြရ၏။ လူတစ်ဦးတစ်ယောက်၏ အသက်အန္တရာယ်လုံခြုံမှုအတွက် အာမခံနိုင်မှုများလိုအပ်နေသလို ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုသည်လည်း အလေးပေးရမည့်အချက်ပင်ဖြစ်၏။ လူတစ်ဦး၏ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုနှင့် ပြုစုကုသမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ မတော်တဆထိခိုက်အနာတရဖြစ်မှုများအတွက် အရေးပေါ်ပြုစုပေးနိုင်သည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုနည်းစနစ်များလည်း လိုအပ်မည်ဖြစ်သည်။**

မတော်တဆ ဒဏ်ရာရမှုနှင့် ရုတ်တရက် ရောဂါဝေဒနာခံစားရမှုများအတွက် ကျွမ်းကျင်သော ဆေးဝါးကုသမှုခံယူရန် လိုအပ်မည်ဖြစ်၏။ သို့သော်လည်း ဖြစ်ပွားသည့်နေရာ၊ ဖြစ်ပွားသည့်အခြေအနေအပေါ်မူတည်ကာ ချက်ချင်းဆေးဝါးကုသမှုရရှိရန် အခက်အခဲရှိကောင်းရှိနေနိုင်၏။ ထိရောက်မှန်ကန်သော ပြုစုမှုကို ပေးနိုင်ပါက ဆေးဝါးကုသမှုခံယူရန်ပင်မလိုဘဲနှင့်လည်း ရှိနိုင်၏။ မည်သို့ပင်ဆိုစေကာမူ ဖြစ်ပွားသည့်နေရာနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူ၊ ဆေးရုံ၊ ဆေးခန်းသို့မရောက်မီ၊ ကုသမှုမခံယူမီ အသက်နှင့်ကိုယ်ခန္ဓာတည်မြဲရေး၊ အခြေအနေ ပိုပိုဆိုးရွားမလာစေရေးနှင့် အလျင်မြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရေးအတွက် ပြုစုပေးရမည်ဖြစ်သည်။

**ရှေးဦးပြုစုခြင်းအတတ်ပညာ**

ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုတွင် မတော်တဆ ထိခိုက်အနာတရဖြစ်ပွားခြင်းကို ဆေးဘက်ဆိုင်ရာမရောက်မီ အရေးပေါ်ပြုစုပေးခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်၏။ အရေးပေါ်ပြုစုပေးရာတွင် ရှေးဦးပြုစုခြင်း အတတ်ပညာသည် လူတိုင်းတတ်မြောက်သင့်သည့် အတတ်ပညာတစ်ခုဖြစ်ပြီး မိမိကိုယ်ကိုလည်းကောင်း၊ မိသားစုအားလည်းကောင်း၊ မိမိပတ်ဝန်းကျင်ရှိ လူသားများကိုလည်းကောင်း ကူညီဆောင်ရွက်ပေးနိုင်သည်။

မျက်မှောက်ခေတ်ကာလတွင် ဆန်းပြားသော အနာရောဂါဝေဒနာများ ဖြစ်ပွားလျက်ရှိသကဲ့သို့ တိုးတက်သောနည်းပညာများဖြင့် ကုန်ထုတ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စသည်တို့တွင်လည်း ထိခိုက်အနာတရဖြစ်မှုများ ရှိနေကြ၏။ အလားတူ မိမိတို့နေအိမ်အတွင်း အသုံးပြုနေကြသော ပစ္စည်းကိရိယာများကို ကိုင်တွယ်အသုံးပြုမှုများတွင်လည်း မတော်တဆ ထိခိုက်အနာတရဖြစ်မှုများနှင့် ကြုံတွေ့နိုင်သည်။

ဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ၊ မတော်တဆ ထိခိုက်အနာတရဖြစ်သည့်အခါတွင် ဖြစ်စေ၊ ရုတ်တရက်နေထိုင်မကောင်းမှုများတွင်ဖြစ်စေ၊ အခြေအနေပိုမိုမဆိုးရွားစေရန်နှင့် အလျင်မြန်ဆုံး ပြန်လည်ကောင်းမွန်စေရန် ရှေးဦးပြုစုပေးဖို့လိုအပ်၏။ အရေးပေါ် ရှေးဦးပြုစုပေးခြင်းသည် ဖြစ်ပွားသည့်နေရာနှင့် ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ် (သို့မဟုတ်) ဆေးရုံ၊ ဆေးခန်းသို့မရောက်မီ အသက်ဆုံးရှုံးမှုကို ကာကွယ်ပေးခြင်းပင် ဖြစ်သည်။

**စစ်ပွဲများမှစသည့်ပညာ**

ရှေးဦးပြုစုခြင်း နည်းစနစ်များသည် စစ်ပွဲကို အခြေပြုကာ ပေါ်ပေါက်လာခဲ့ပြီး ရှေ့တန်းစစ်မျက်နှာတွင် ဒဏ်ရာရသောစစ်သည်များကို နောက်တန်းစစ်မြေပြင်ဆေးရုံသို့ ပို့ဆောင်စဉ် အသက်မဆုံးရှုံးစေရန် ဆောင်ရွက်ပေးသည့် ဆေးအတတ်ပညာ နည်းစနစ်များဖြစ်၏။ နောက်ပိုင်းစစ်အေးကာလတွင် အရပ်ဘက်တွင်လည်း တွင်ကျယ်စွာအသုံးဝင်လာခဲ့သည်။

ရှေးဦးပြုစုနည်းကို စတင်တီထွင်သူမှာ ဂျာမန်စစ်တပ်၏ ဆေးမှူးချုပ် ဒေါက်တာအက်စ်မတ်ချ် Dr.Esmarch ဖြစ်ပြီး ပြင်သစ်နှင့် ပရပ်ရှား စစ်ပွဲကာလတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ စစ်မြေပြင်မှ တွေ့ရှိချက်များကို အခြေခံကာ ထိခိုက်ဒဏ်ရာရသူများအတွက် ရှေးဦးပြုစုခြင်းနှင့် စစ်မြေပြင်မှ ရှေးဦးပြုစုနည်းများ စာအုပ်ကို ရေးသားခဲ့၏။ စစ်ပွဲများမှစခဲ့သော ရှေးဦးပြုစုနည်းပညာသည် ယနေ့မျက်မှောက်ခေတ်ကာလ အရပ်ဘက်ဆိုင်ရာ လူမှုပတ်ဝန်းကျင်တွင် အရေးပေါ်ထိခိုက်အနာတရဖြစ်မှုများအတွက် အသက်ကယ်နည်းအတတ်ပညာအဖြစ် အသုံးဝင်လျက်ရှိနေသည်။



ရှေးဦးပြုစုခြင်းအတတ်ပညာ လက်တွေ့သရုပ်ပြသင်ကြားနေစဉ်။

**ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ**

ကြက်ခြေနီလှုပ်ရှားမှု၏ ဖခင်ဖြစ်သော ဟင်နရီဒူးနန့်သည် ဆိုဖာရီနိုစစ်ပွဲ၏ အနိဋ္ဌာရုံမြင်ကွင်းကို မြင်တွေ့ပြီး ဒဏ်ရာရစစ်သည်တော်များအတွက် စစ်တပ်များတွင် ဆေးအဖွဲ့များ အလုံအလောက်ထားသင့်ကြောင်း၊ နိုင်ငံတိုင်းတွင် စစ်မက်ဖြစ်ပွားပါက တပ်မတော်ဆေးတပ်ဖွဲ့များအား ကူညီနိုင်ရန် စေတနာ့ဝန်ထမ်း ဆေးအဖွဲ့များကိုဖွဲ့စည်းကာ ကြိုတင်လေ့ကျင့်ပေးထားသင့်ကြောင်း တိုက်တွန်းခဲ့၏။ ယင်းနောက်ပိုင်းတွင် ကြက်ခြေနီ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။

အသင်းဝင် ၁၉၂ နိုင်ငံပါဝင်သော အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (The International Federation of Red Cross and Red Crescent Societies-IFRC) သည် လူသားတို့၏ အသက်နှင့် ခန္ဓာတည်မြဲရေးကို စွမ်းဆောင်ပေးနိုင်သော ရှေးဦးပြုစုခြင်းအတတ်ပညာကို အလေးအနက်ဖော်ညွှန်းလိုခြင်း၊ ဂုဏ်ပြုလိုခြင်းအတွက် အထိမ်းအမှတ်နေ့တစ်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့သည်။

**ရှေးဦးပြုစုခြင်းနေ့**

၂၀၀၀ ပြည့်နှစ်တွင် ဥရောပ ၁၆ နိုင်ငံရှိ အမျိုးသားကြက်ခြေနီအသင်းများက ရှေးဦးပြုစုခြင်းနေ့ကို စတင်ကျင်းပခဲ့၏။ ၂၀၀၁ ခုနှစ်တွင် အမေရိကအလယ်ပိုင်းဒေသတွင်းရှိ နိုင်ငံများမှ ကြက်ခြေနီအသင်းများကပါ ကျင်းပလာကြ၏။ ၂၀၀၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ စည်းရုံးလှုံ့ဆော်မှုဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပသွားရန် ဆုံးဖြတ်ခဲ့၏။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ် (စနေနေ့) ဒေသစံတော်ချိန် ၁၁ နာရီတွင် နိုင်ငံတိုင်း၌ တစ်ပြိုင်နက်တည်းကျင်းပကြရန် သတ်မှတ်ခဲ့သည်။

**နှစ်စဉ် ဆောင်ပုဒ်များ**

ထိုသို့ကျင်းပရာတွင် နှစ်စဉ် ဆောင်ပုဒ်တစ်ခုကို သတ်မှတ်ခဲ့၏။ ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်တွင် 'ရှေးဦးပြုစု လူမှုကရုဏာ အပေါင်းလက္ခဏာ'၊ ၂၀၀၅ ခုနှစ်တွင် 'ဘေးဖြစ်လွယ်သူ အားပေးကူ ရှေးဦးပြုစုနည်းဖြင့်တာဝန်ယူ'၊ ၂၀၀၆ ခုနှစ်တွင် 'မခွဲမခြား အသက်ပေါင်းများစွာကယ်တင်သူ ကြက်ခြေနီရှေးဦးပြုစုသူ'၊ ၂၀၀၇ ခုနှစ်တွင် 'မခွဲမခြား ရှေးဦးပြုစုပေးတာ ဘေးကင်းကျန်းမာ လူထုအတွက်ပါ'၊ ၂၀၀၈ ခုနှစ်တွင် 'လူသားအသက်ရှင်သန်ရေး ရှေးဦးပြုစုပေး'၊ ၂၀၀၉ ခုနှစ်တွင် 'လူမှုကရုဏာစွမ်းဆောင်ရာ ရှေးဦးပြုစုခြင်းပညာ'၊ ၂၀၁၀၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တွင် 'အားလုံးအတွက်သာ ရှေးဦးပြုစုခြင်းပညာ'၊ ၂၀၁၃ ခုနှစ်တွင် 'လမ်းအန္တရာယ်ကင်းရှင်းရေး ရှေးဦးပြုစုပိုင်းကူပေး'၊ ၂၀၁၄ ခုနှစ်တွင် 'ရှေးဦးပြုစုစွမ်းဆောင်ရှင် နေ့စဉ်ကြုံတွေ့မှုများတွင် ကူညီအမြဲပင်'၊ ၂၀၁၅ ခုနှစ်တွင် 'ရှေးဦးပြုစုကူညီရေး ကလေးငယ်များပါဝင်ပေး'၊ ၂၀၁၆ ခုနှစ်တွင် 'ရှေးဦးပြုစုကူညီရေး သက်ရွယ်ကြီးသူများပါဝင်ပေး'၊ ၂၀၁၇ ခုနှစ်တွင် 'အိမ်တွင်းဖြစ်ပွားထိခိုက်မှုများ ရှေးဦးပြုစုနည်းဖြင့်ကူညီထား'၊ ၂၀၁၈ ခုနှစ်တွင် 'ထိခိုက်ဒဏ်ရာ လမ်းပေါ်မှာ ရှေးဦးပြုစုပါ' စသည့်ဆောင်ပုဒ်များဖြင့် ကျင်းပခဲ့သည်။

ယခု ၂၀၁၉ ခုနှစ်အတွက် ဆောင်ပုဒ်မှာ 'Addressing exclusion through first aid' ဖြစ်ပြီး 'ထိခိုက်မိသူမကျန်ရ ရှေးဦးပြုစုကြ' ဟု ဆီလျော်အောင် ပြန်ဆိုနိုင်မည်ဖြစ်သည်။ ရည်ရွယ်သည်မှာ မည်သူမဆို (လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ ရန်သူ မိတ်ဆွေ၊ အမျိုးသား၊ အမျိုးသမီး၊ သန်စွမ်းသူ၊ မသန်စွမ်းသူ၊ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေကြသူ၊ အသက်ကြီးသူ၊ အသက်ငယ်သူ) ထိခိုက်ဒဏ်ရာရရှိပါက ပစ်ပယ်ချန်လှပ်မထားဘဲ ပြုစုပေးရမည်ဟု ဖြစ်သည်။

**အရေးပေါ်ကူညီရန် ဥပဒေ**

အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် အရေးပေါ်လူနာအား အချိန်မီကူညီစောင့်ရှောက်ပြီး ဆေးဝါးကုသမှုပေးနိုင်ရန် ဥပဒေတစ်ရပ်ကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပေးထား၏။ အဆိုပါဥပဒေတွင် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို တွေ့ရှိသူသည် ယင်းလူနာကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦး၏ အကူအညီကိုရယူ၍ဖြစ်စေ အရေးပေါ်ကူညီစောင့်ရှောက်ပေးရန် တာဝန်ရှိသည်ဟု ဖော်ပြထား၏။

ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ယာဉ်တစ်မျိုးမျိုးကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း လူ၏အသက်ကိုဖြစ်စေ၊ ကိုယ်ခန္ဓာအစိတ်အပိုင်းကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ ထိခိုက်မှုဖြစ်စေသည့် ဒဏ်ရာရရှိသူကို ဆိုလို၏။ ယင်းကဲ့သို့ လမ်းပေါ်တွင် ထိခိုက်အနာတရဖြစ်သော လူနာများအားတွေ့ရှိပါက အသက်အန္တရာယ်မဆုံးရှုံးစေရန် ရှေးဦးပြုစုနည်းဖြင့် ပြုစုပေးရမည်ဖြစ်သည်။

**တပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်**

ရှေးဦးပြုစုနည်းဖြင့် အသက်ကယ်နိုင်ခဲ့သည့်အတွက် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သူတစ်ဦး ရှိခဲ့၏။ ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်ဖြစ်၏။ တပ်မတော်ယာဉ်တစ်စီး ကူးတို့ဖောင်ပေါ်တက်စဉ် အရှိန်လွန်ပြီး ရေထဲနစ်မြုပ်ခဲ့ရာ ကားတွင်ပါလာသော တပ်မတော်သားတစ်ဦးအား ရေထဲမှ စွန့်စွန့်စားစားကယ်တင်ကာ ရှေးဦးပြုစုနည်းဖြင့် အသက်ပြန်ရှင်အောင် ကယ်ဆယ်နိုင်ခဲ့သည့်အတွက် ၁၉၇၇ ခုနှစ်တွင် 'ဟင်နရီဒူးနန့်' ဆု တံဆိပ်ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ရှေးဦးပြုစုနည်းပညာသည် လူသားတို့အတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ရပ်ဖြစ်ပြီး လွယ်ကူထိရောက်ကာ လူတိုင်းကူညီပြုစုပေးနိုင်သော နည်းစနစ်များပင်ဖြစ်၏။ မည်သို့ပင် ခေတ်မီသောကုသနည်းများ၊ အထောက်အကူပြုပစ္စည်းကိရိယာများ ရှိနေပါစေ ဆေးကုသမှုရရှိမည့် ဆေးရုံ၊ ဆေးခန်း၊ ဆေးဘက်ဆိုင်ရာဌာနသို့ မရောက်မီ ထိခိုက်အနာတရဖြစ်သူနှင့် ရုတ်တရက် ရောဂါဝေဒနာခံစားရသူ၏ အသက်ကို ကယ်တင်ပေးနိုင်သော အတတ်ပညာဖြစ်သည်။

**အခြေခံ ရှေးဦးပြုစုနည်းပညာ**

ရှေးဦးပြုစုခြင်း၏ အခြေခံပြုစုနည်းမှာ ရောဂါဝေဒနာခံစားနေရသူ၊ ထိခိုက်ဒဏ်ရာရရှိသူ၏ အသက်ရှင်သန်ရေးအတွက် အခြေခံကျသော၊ အသက်ရှူလမ်းကြောင်း (လေပြွန်ချောင်း) ပွင့်နေစေရန်၊ အသက်ပုံမှန်ရှူနေစေရန်နှင့် သွေးလှည့်ပတ်မှု (သွေးခုန်မှု) ရှိနေစေရန် ဆောင်ရွက်ပေးခြင်းဖြစ်၏။

ရှေးဦးပြုစုရာတွင် သွေးလှည့်ပတ်မှုဆိုင်ရာကို ထိခိုက်စေသည့် ဒဏ်ရာများမှ သွေးယိုထွက်ခြင်းများ၊ သွေးဆုတ် သွေးလန့်ခြင်းများ၊ နှလုံးရုတ်တရက်ထိခိုက်မှု၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ထိခိုက်မှုကိုဖြစ်စေသည့် အစာနင်ခြင်း၊ ရေနစ်ခြင်း၊ အာရုံကြောစနစ်ကို ထိခိုက်စေသည့် ဓာတ်လိုက်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ ဝက်ရူးပြန်ခြင်း၊ တက်ခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ အရိုးနှင့် ကြွက်သားများကို ထိခိုက်စေသည့် အရိုးကျိုးခြင်း၊ ကျောရိုးတန်းမထိခိုက်ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များထိခိုက်ခြင်း စသည့်တို့ကို ဖြစ်သည့်နေရာတွင် ရရာပစ္စည်းဖြင့် ပြုစုပေးခြင်းဖြစ်သည်။

ရှေးဦးပြုစုနည်းများသည် စမ်းတဝါးဝါး ဆောင်ရွက်ပေးခြင်းမျိုး မဟုတ်ပါ။ ဆေးဘက်ဆိုင်ရာက လက်ခံထားသည့် နည်းစနစ်များဖြစ်၏။ ပြုစုသူ၏ ထိခိုက်အနာတရဖြစ်မှုအပေါ် စီမံခန့်ခွဲနိုင်မှု၊ သင့်လျော်သောပြုစုနည်းကို ဆုံးဖြတ်ရွေးချယ်နိုင်မှုအပေါ် မူတည်၏။ လူတန်းစားအလွှာမရွေး သင်ကြားတတ်မြောက်နိုင်၏။ မိသားစုတစ်စုတွင် အနည်းဆုံး တစ်ဦးတတ်မြောက်ထားသင့်၏။ စာသင်ကျောင်းများတွင်လည်း ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများအား သင်ကြားပေးသင့်၏။ စက်ရုံ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် လုပ်သားအရေအတွက်အပေါ်မူတည်ပြီး သင်ကြားပေးသင့်၏။ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော ဟိုတယ်၊ စူပါမားကက်၊ လေယာဉ်၊ သင်္ဘော၊ ခရီးသည်တင်ယာဉ်များတွင် လုံခြုံရေးဝန်ဆောင်မှုပေးနေသူများကလည်း တတ်မြောက်ထားရန် လိုအပ်သည်။

ရှေးဦးပြုစုပေးခြင်းသည် လူသားချင်းစာနာထောက်ထားမှုကို အခြေခံသော အကူအညီပေးခြင်းလည်းဖြစ်၏။ အသက်ကိုကယ်တင်ပေးသည့် ကုသိုလ်ဒါနလည်းဖြစ်၏။ ထိုသို့ မွန်မြတ်သော အကူအညီကို ပေးခဲ့ကြသည့် ရှေးဦးပြုစုသူများအား အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ ရှေးဦးပြုစုခြင်း အတတ်ပညာ၏ ထိရောက်မှုကို လူသားတိုင်း သိရှိနားလည်ကာ တတ်မြောက်ထားသင့်ကြောင်း အသိပေးနှိုးဆော်သည့်အနေဖြင့်လည်းကောင်း ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (World First Aid Day) အခမ်းအနားများကို နှစ်စဉ် စက်တင်ဘာလ၏ (ဒုတိယပတ်) စနေနေ့တိုင်းတွင် ကျင်းပလျက်ရှိကြပေသည်။ ။

**"ရှေးဦးပြုစုနည်းကို စတင်တီထွင်သူမှာ ဂျာမန်စစ်တပ်၏ ဆေးမှူးချုပ် ဒေါက်တာအက်စ်မတ်ချ် Dr. Esmarch ဖြစ်ပြီး ပြင်သစ်နှင့် ပရပ်ရှား စစ်ပွဲကာလတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်၏။ စစ်မြေပြင်မှ တွေ့ရှိချက်များကိုအခြေခံကာ ထိခိုက်ဒဏ်ရာရသူများအတွက် ရှေးဦးပြုစုခြင်းနှင့် စစ်မြေပြင်မှ ရှေးဦးပြုစုနည်းများစာအုပ်ကို ရေးသားခဲ့၏။ စစ်ပွဲများမှစခဲ့သော ရှေးဦးပြုစုနည်းပညာသည် ယနေ့မျက်မှောက်ခေတ်ကာလ အရပ်ဘက်ဆိုင်ရာ လူမှုပတ်ဝန်းကျင်တွင် အရေးပေါ်ထိခိုက်အနာတရဖြစ်မှုများအတွက် အသက်ကယ်နည်းအတတ်ပညာအဖြစ် အသုံးဝင်လျက်ရှိနေသည်"**

# မလှိုင်မြို့ မိုးလုံလေလုံ အားကစားရုံ အဆောက်အအုံတည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

**မလှိုင် စက်တင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မြို့မဘောလုံးကွင်းအတွင်း မိုးလုံလေလုံ အားကစားရုံကြီး တစ်ထပ်အဆောက်အအုံတည်ဆောက်နေမှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ အားကစားရုံကြီးကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၃၆၀၀ ဖြင့် ၂၀၁၉ ခုနှစ် မေ ၃၀ မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် မိုးလုံလေလုံအားကစားရုံကြီး တည်ဆောက်နေမှုမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ မိုးလုံလေလုံအားကစားရုံကြီးကို အလျားပေ ၁၅၀ ၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေ တည်ဆောက်နေပြီး စက်တင်ဘာ ၃၀ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးဝင်းထံမှ သိရသည်။



မကြာမီပြီးစီးတော့မည့် မလှိုင်မြို့ မိုးလုံလေလုံအားကစားရုံအဆောက်အအုံကို တွေ့ရစဉ်။

အဆိုပါ အားကစားရုံကြီး တည်ဆောက်ပြီးစီးပါက မိုးလုံလေလုံ အားကစားရုံ အဆောက်အအုံအတွင်း ဘော်လီဘောအားကစား၊ ကြက်တောင်အားကစားနှင့် ပိုက်ကျော်ခြင်း အားကစားများ လေ့ကျင့်၊ ယှဉ်ပြိုင်၊ ကစားနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**ဘိုဘို(မလှိုင်)**

# ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး စည်းဝေး

**ပြည် စက်တင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ အထင်ကရစေတီတော်တစ်ဆူဖြစ်သည့် လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၀၈)နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၀)နှစ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲအတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီပထမအကြိမ်အစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်က အဆိုပါ စေတီတော်မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။

နှစ်စဉ်ကျင်းပမြဲ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၆၀၈) နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် နံနက်တွင် မြတ်စွာဘုရားအပါအဝင် သံဃာတော် ၁၀၉ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူ ဖွင့်လှစ်မည်ဖြစ်သည်။ (၁၂၀)နှစ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၁ ရက် ညနေ ၅ နာရီတွင် ကျင်းပပြီး စေတီတော်ကြီးရင်ပြင်ပေါ်တွင် လက်ယာရစ်သုံးကြိမ်လှည့်လည်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပွဲတော်နှစ်ခုကို တန်ဆောင် မုန်းလပြည့်ကျော် ၂ ရက်အထိ ၁၀ ရက်တိုင်တိုင်ကျင်းပပြီး အညာဒေသထွက်ကုန်အရောင်းဆိုင်များ၊ အောက်အရပ်ထွက် သင်ဖျာအရောင်းဆိုင်များ၊ ကုမ္ပဏီပြခန်းများ၊ ချား၊ ရဟတ်နှင့် အခြားပျော်ပွဲရွှင်ပွဲ၊ ဇလာဇာတ်ပွဲများဖြင့် ယခင်နှစ်များနှင့်မတူ ထူးခြားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်**

# ရေကြီးနစ်မြုပ်ခဲ့သည့် စာသင်ကျောင်းများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က စာသင်ခုံများ ထောက်ပံ့ပေးအပ်



မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က စာသင်ခုံများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

**ကျိုက်မရော စက်တင်ဘာ ၁၆**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း ဩဂုတ် ၉ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး အတ္ထရံမြစ်ရေမြင့်တက်မှုကြောင့် လူနေအိမ်များနှင့် အခြေခံပညာစာသင်ကျောင်းပေါင်း ၇၂ ကျောင်း ရေနစ်မြုပ်ခဲ့သဖြင့် ယာယီပိတ်ထားခဲ့ရသည်။

အဆိုပါ စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိပြီးဖြစ်ရာ အဆိုပါကျောင်းများအနက် ရေနစ်မြုပ်မှုဒဏ် အဆိုးရွားဆုံးခံခဲ့ရသည့် စာသင်ကျောင်းပေါင်း ၄၈ ကျောင်းကို မွန်ပြည်နယ်အစိုးရအဖွဲ့မှ စာသင်ခုံများ၊ စာရေးခုံများ၊ White board များ၊ ကော်ဇောများနှင့် ရုံးသုံးဆေးကြောစရိတ် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရွှေဟင်္သာ) ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က ရေနစ်မြုပ်စာသင်ကျောင်းများအတွက် စာရေးခုံများ ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးငွေဝင်းက ရေနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့် စာသင်ကျောင်းများ၏အခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။

**ချိုမြတ်မြတ်ထွေး( ကျိုက်မရော)**

# ယောဓလေ့ပွဲတော်တစ်ခုဖြစ်သည့် မီးကြာလှည့်လည်ပွဲတော်နှင့် သနပ်ခါးပါးတို့ ပွဲတော်ကျင်းပမည်

**ဆော စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ယောဒေသဖြစ်သော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် လူသိများသော ပွဲတော်များအနက် ဖယောင်းတစ်ထောင်ချပွဲ ကျင်းပ၍ ဆီမီးပူဇော်ခြင်း၊ မီးကြာလှည့်ပွဲကျင်းပ၍ ဆီမီးပူဇော်ခြင်း၊ ရပ်ကွက်၊ ကျေးရွာလုံးကျွတ် သင်ဘုတ်မီးထွန်း၍ ဆီမီးပူဇော်ခြင်း၊ အိုးစည်ပြိုင်ပွဲတို့ကို သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ကျင်းပကြရာ ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင်လည်း ယခင်နှစ်များနည်းတူ မီးကြာလှည့်ပွဲတော်နှင့် သနပ်ခါးပါးတို့ပွဲတော်ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မီးကြာလှည့်ပွဲ ကျင်းပနိုင်ရန် ရောင်စုံစက္ကူ၊ မှန်ရောင်စက္ကူတို့ကို နီးဖြင့် ပေါင်းစပ်လျက် မီးကြာခွက်များ ပြုလုပ်ခြင်းအပါအဝင် ပန်းကြာများ၊ မုလေးပွားများ၊ ကြက်လျှာများ ပြုလုပ်ခြင်းနှင့် ပါဝင်ဆင်နွှဲနိုင်ရန် ဖိတ်ကြားခြင်းစသည်တို့ကို တစ်လခန့် ကြိုတင်ဆောင်ရွက်ရကြောင်း၊ အဆိုပါ မီးကြာလှည့်ပွဲတော်တွင် ယောဒေသ၏ ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာဖြစ်သည့် သနပ်ခါးပါးတို့ပွဲတော် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေး တာဝန်ခံတစ်ဦးက ပြောသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရှင်မတောင် သစ်တောကြိုးဝိုင်းထဲ၌ နှစ် ၂၀ အတွင်း တောရိုင်းတိရစ္ဆာန်များ သိသိသာသာ လျော့နည်းလာ

**သတင်းဆောင်းပါး - အိမွန်ဆွေ (ရေစကြို)**

ရှင်မတောင် သစ်တောကြိုးဝိုင်း ဧရိယာထဲ၌ နှစ်ပေါင်း ၂၀ ခန့်အတွင်း တောရိုင်းတိရစ္ဆာန် အမျိုးအစားနှင့် ကောင်ရေ သိသိသာသာ လျော့နည်းလာကြောင်း ဒေသခံများထံမှ သိရသည်။ တောရိုင်းတိရစ္ဆာန် အမျိုးအစား ၂၀ နီးပါး နေထိုင်ကျက်စားခဲ့သည့် ရှင်မတောင် သစ်တောကြိုးဝိုင်းထဲ၌ လက်ရှိအချိန်တွင် တောကြောင်၊ တောကြက်၊ ခွေးအ၊ ခါ စသည့် တိရစ္ဆာန်များ သိသိသာသာ ရှားပါးသွားသည်ဟု အဆိုပါဒေသတွင် ကြာမြင့်စွာနေထိုင်လာသည့် ဒေသခံများက ဆိုသည်။

ရှင်မတောင် တောင်ခြေရှိ ဂွေးပင်ယာ ကျေးရွာဇာတိ ဒေသခံတစ်ဦးက "ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့တဲ့ နှစ် ၂၀ လောက်တုန်းကဆိုရင် ရှင်မတောင် တောင်ခြေတစ်ဝိုက်မှာ ခါတွေ အတော် ပေါတာ၊ ခါတွန်သံတွေလည်း ကြားရတယ်၊ အခုဆို ခါတွေ မတွေ့ရတော့ သလောက်ပဲ၊ တွန်သံလည်း မကြားတော့ဘူး၊ တောကြက်တို့ တောကြောင်တို့လည်း ရှားသွားပြီ၊ တောကြက်က တွေ့ရသေးတယ်၊ တောကြောင်ဆိုရင် လုံးဝမတွေ့တော့ဘူး" ဟု ပြောသည်။



ရှင်မတောင် သစ်တောကြိုးဝိုင်းထဲတွင် နေထိုင်ကျက်စားသည့် မျောက်တစ်ကောင်။

ယခင်က ရှင်မတောင်ခြေတစ်ဝိုက်သည် တောနေသတ္တဝါများ ပေါများခဲ့ပြီး ကျားသစ်များ၊ ခွေးအများလည်းရှိခဲ့ကြောင်း သိရသည်။ ရှင်မတောင်ခြေအနီးရှိ ဘောင်ဘဲ့တန်းရွာမှ ဒေသခံတစ်ဦးက "ဟိုတုန်းက ကျားသစ်လည်း ရှိခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ် ၄၀လောက်ပေ့ါ၊ ကျားသစ်က ရွာတွေထဲဝင်ပြီး နွားတွေ လာလာဆွဲတော့ ရဲခေါ်ပြီး သေနတ်နဲ့ ပစ်ခိုင်းရတယ်၊ ခွေးအ ဆိုရင် အမွေးအရှည်ကြီးတွေနဲ့ တစ်ခါတစ်ခါ တောထဲမှာတွေ့တာ၊ သူတို့ကလည်း လူကို ကြောက်တယ်။ လူမြင်တာနဲ့ ပျောက်သွားတာ၊ လူထက်လျင်တယ်၊ အခုတော့ တောကြောင်တွေ၊ ခွေးအတွေလည်း ရှားသွားပြီ" ဟု ပြောသည်။

ရှင်မတောင် သစ်တောကြိုးဝိုင်း၏ ဧရိယာသည် ၁၄၉၉၅ ဧက ကျယ်ဝန်းပြီး အဆိုပါ ရှင်မတောင်သစ်တောကြိုးဝိုင်း အတွင်း၌ ရွှေသမင်၊ သမင်၊ တောယုန်၊ ဂျီ၊ မျောက်၊ ခွေးအ၊ သိမ်းငှက်၊ ဖွတ်၊ ပုတတ်၊ မြွေ၊ တောကြက်၊ ရေကြက်၊ ဟင်္သာ၊ ငုံး၊ ခါ၊ ချိုး၊ ဆက်ရက် စသည့် တိရစ္ဆာန်များ နေထိုင်ကျက်စားလျက်ရှိကြောင်း ၂၀၁၇ ခုနှစ် အောက်တိုဘာလ အတွင်းက ထုတ်သည့် ရေစကြိုမြို့နယ် ဒေသဆိုင်ရာအချက်အလက် စာရင်းများအရ သိရသည်။ ထို့အပြင် ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုနီးပါးဖြစ်နေသည့် ရွှေသမင်ကဲ့သို့သော တိရစ္ဆာန်များလည်း နေထိုင်ကျက်စားကြောင်း သိရသည်။

ရှင်မတောင် သစ်တောကြိုးဝိုင်း အတွင်းရှိ တိရစ္ဆာန် ကောင်ရေနှင့် မျိုးစိတ်များကို အသေးစိတ်သိရှိနိုင်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများက စာရင်းပြုစုထားခြင်း မရှိသေးသောကြောင့် တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်နိုင်ရန် ခက်ခဲလျက်ရှိကြောင်း တောရိုင်းတိရစ္ဆာန် စောင့်ရှောက်နေသည့်အဖွဲ့များမှ သိရသည်။

"အဓိကကတော့ ဒီ ရှင်မတောင် သစ်တောကြိုးဝိုင်းထဲမှာရှိတဲ့ တိရစ္ဆာန်ကောင်ရေနဲ့ တိရစ္ဆာန် မျိုးစိတ်တွေကို စာရင်းပြုစုပြီးတော့ သုတေသနလုပ်ငန်းတွေလုပ်ဖို့ လိုနေတာပါ၊ သုတေသနလုပ်ငန်းတွေ လုပ်နိုင်မှ၊ တိရစ္ဆာန်တွေရဲ့ အမူအကျင့်တွေကို သိရမှ ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ ပိုပြီးတော့ ထိရောက်လွယ်ကူမှာပါ"ဟု ရေစကြိုမြို့နယ် ရွှေသမင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဟန်က ပြောသည်။

